# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၂)ရက် ၊ စနေနေ့ ၊ (15-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ကို လက်ခံတွေ့ဆုံစဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့်ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက်

စာမျက်နှာ ၂၀ ကော်လံ ၁

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူ့ကိုယ်စားလှယ်များ၏ ဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယုံကြည်နားလည်မှု၊ လေးစားမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်နိုင်ရေး၊ လွှတ်တော်နှစ်ရပ်အကြား နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများ၊

စာမျက်နှာ ၂၀ ကော်လံ ၃



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ကို လက်ခံတွေ့ဆုံစဉ်။

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များ၊ ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍

စာမျက်နှာ ၁၈ ကော်လံ ၁



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




## မုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊

စာမျက်နှာ ၁၈ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်
အယ်ဒီတာ့အာဘော်

## မြန်မာစာပေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးဖြတ်မရသော ပခုက္ကူစာပေဆု

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးသည် စာပေပညာရှင်များ၏ဖန်တီးရေးသားအားထုတ်မှုများသာမက စာပေကို တန်ဖိုးထားမြတ်နိုးသူများ၏ အားပေးကူညီမှုများနှင့်လည်း ဆက်စပ်နေသည်။ ထို့ပြင် စာပေပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု၍ ဂုဏ်ပြုချီးမြှင့်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစာပေဆုတည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထိုသို့ စာပေကဏ္ဍဖွံ့ဖြိုးရေးအတွက် အစဉ်တစိုက် အားပေးမြှင့်တင်ပေးနေသည့် စာပေဆုများအနက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုသည် သက်တမ်းရှည်ပြီး အစဉ်အလာကြီးမားသည့် ပုဂ္ဂလိကစာပေဆုတစ်ခုဖြစ်သည်။ အဆိုပါစာပေဆုကို ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး စာရေးသူများ၏ အရည်အသွေးမြင့် စာပေလက်ရာများကို အသိအမှတ်ပြုချီးမြှင့်ခြင်းမှတစ်ဆင့် မြန်မာစာပေကဏ္ဍတိုးတက်လာစေရန် အားပေးလျက်ရှိသည်။

ပခုက္ကူစာပေဆုများကို မူလအလှူရှင် ပခုက္ကူဦးအုံးဖေ လှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းအပေါ်တွင် အခြေခံ၍စာပေချစ်မြတ်နိုးသူ အလှူရှင်များ၏ ထပ်ဆင့်လှူဒါန်းငွေများဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေဆုရန်ပုံငွေများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလျက်ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိတွင် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ မြန်မာစာပေထွန်းကားပြန့်ပွားရေးကို ရည်ရွယ်၍ စာပေချစ်မြတ်နိုးသူများက သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

ထိုသို့ လှူဒါန်းခြင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်အထောက်အပံ့ဖြစ်စေသည်သာမက ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ခြင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ထို့ပြင် အနာဂတ်မျိုးဆက်သစ်စာရေးဆရာများ ပေါ်ထွက်လာရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ယခုနှစ်တွင်လည်း ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲကို ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ပြီး တစ်သက်တာစာပေဆုအပြင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆုနှင့် သုတေသနစာပေဆုများအပါအဝင် စာပေအမျိုးအစားစုံလင်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။ ဂုဏ်ပြုဆုချီးမြှင့်မည့်သူများထဲတွင် ပခုက္ကူတစ်သက်တာစာပေဆုရရှိသူ စာရေးဆရာကြီးနှစ်ဦးအပါအဝင် ဆုရရှိသူ စုစုပေါင်း ၁၇ ဦးကို ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်သည်။ ထိုသို့ မြန်မာစာပေလောကအတွင်း ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မြန်မာစာပေ၏ မတူညီသည့်စာပေအမျိုးအစားများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း အားပေးမှုတစ်ရပ်ပင်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုသည် ထူးချွန်သည့်စာပေလက်ရာများကို အသိအမှတ်ပြုရွေးချယ်ဂုဏ်ပြုချီးမြှင့်ပေးသည့် စာပေဆုတစ်ခုဖြစ်သည်သာမက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဖန်တီးသူများကို အားပေးမြှင့်တင်ပေးနေသည့် အင်အားတစ်ရပ်လည်းဖြစ်သည်။ သို့ဖြစ်ပါ၍ ပခုက္ကူစာပေဆု၏ အခန်းကဏ္ဍသည် မြန်မာစာပေ၏ အဆင့်အတန်းကို မြင့်မားတိုးတက်လာစေသော တန်ဖိုးဖြတ်မရသည့် စာပေဆုတစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## စဉ့်ကိုင်မြို့နယ် ခံဘူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခံဘူးကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခံဘူးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ၂၁၂၅၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၄၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)

## ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် ဩဂုတ်လပထမပတ်မှစတင်ပြီး ယနေ့ထိ ကောက်ရိုးမှိုများ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၇၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိကောက်ရိုးမှို တစ်ပိဿာကိုငွေကျပ် ၂၅၅၀၀ ထိ ပေါက်စျေးရှိပါတယ်။ ဒေသတွင်းစျေးကွက်မှာကို ကောက်ရိုးမှိုတွေကအဝယ်လိုက်နေတာပါ။ ကောက်ရိုးမှိုတွေ အရောင်းအဝယ်ကောင်းနေတော့ စိုက်ပျိုးတဲ့ တောင်သူတွေ၊ ကုန်သည်တွေ အဆင်ပြေနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကောက်ရိုးမှိုများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ အဆိုပါ ကောက်ရိုးမှိုပွင့်ထက် အဖူးများကို လူများက ပိုမိုကြိုက်နှစ်သက်ပြီး ဒေသတွင်းစျေးကွက်တွင် အဝယ်လိုက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲကျင်းပ

**အမရပူရ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက သင်တန်းသူများမှ ဆုရရှိသူများကို ဆုချီးမြှင့်ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဆပ်ပြာပြုလုပ်နည်းသင်တန်းကို အမရပူရမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် ဆပ်ပြာ ပြုလုပ်နည်းသင်တန်းနှင့် ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက ဩဂုတ် ၁၁ ရက်မှ ဩဂုတ် ၁၄ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။ **အောင်ရဲကျော်**

# သာစည်မြို့နယ် ညဏ်ကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညဏ်ကန်ကျေးရွာအုပ်စု ညဏ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ညဏ်ကန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၃၂ ဒသမ ၆ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၆၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ရေတိ၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကိုနည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးပါတယ်" ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် ရှမ်းကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ရှမ်းကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးမှ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းကုန်းကျေးရွာ၌ စက်ရေတွင်းအနက်ပေ ၂၀၀ တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၄၄ သန်းဖြင့် Royal Lucky ကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူခိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးအစိမ်းများကို ဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းတင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေတင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ တစ်လအတွင်း ငါးမြွေထိုးခြောက်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့လုပ်ငန်းပါ။ အခုလို ငါးမြွေထိုးခြောက်တွေအမှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်"ဟု မြောင်းမြမြို့နယ်ရှိ ငါးပိ၊ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူခိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ မှ ၅၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသမှငါးခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း မြောင်းမြမြို့နယ် ငါးပိ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူခိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ကတွတ်သီး

ဒေါက်တာလပြည့်ခင်

**ကတွတ်သီး**

ကတွတ်သီးသည် အရသာနှင့်ပြည့်စုံ၍ လူ့ခန္ဓာကိုယ်ကိုအကျိုးပြုသော သဘာဝသီးနှံတစ်မျိုးဖြစ်သည်။ ကတွတ်ပင်၏ အင်္ဂလိပ်အမည်မှာ Fig Tree ဖြစ်ပြီး Moraceae ညောင်မျိုးနွယ်ဝင်မျိုးရင်းနှင့် ရုက္ခဗေဒအလိုအားဖြင့် Ficus Carica/ Ficus Racemo–sa/ Ficus Glomerata ဟု ခေါ်သည်။ ဆီးဖြူသီးအရွယ်ခန့်ရှိ၍ အရောင်မှာဝါပြီးလျှင် အညိုရောင်အမွေးနုများဖုံးလွှမ်းနေသည့် ကတွတ်သီးသည် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်များဖြည့်ဆည်းပေးသကဲ့သို့ ကျန်းမာရေးအတွက် များစွာအကျိုးပြုသော အသီးတစ်မျိုးဖြစ်သည်။ ကတွတ်ပင်၏ အခေါက်၊ အရွက်၊ အသီးနှင့်တကွ တစ်ပင်လုံးတွင်အမွေးနုများရှိပြီး အရွက်ချင်းအညှာဆိုင်နေသည်။ သဘာဝပေါက်ပင်ဖြစ်သည့် ကတွတ်ပင်များကို မြန်မာနိုင်ငံရှိ သစ်တောတိုင်းလိုတွင် တွေ့ရှိရပြီး အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်း၌ ပိုမိုတွေ့ရှိရသည်။ ကတွတ်သီးအမှည့်ကို သဘာဝအမှည့်အတိုင်းသော်လည်းကောင်း၊ ယိုထိုး၍သော်လည်းကောင်း စားသုံးကြသည်။

**ကတွတ်ပင်နှင့် ကတွတ်သီးသဘာဝ**

ကတွတ်ပင်သည် ရေစပ်နားနှင့် စိုစွတ်သည့်နေရာများတွင် ပိုမိုဖြစ်ထွန်းသည့်အပင်ကြီးမျိုး (ညောင်မျိုးနွယ်ဝင်)ဖြစ်သည်။ ကတွတ်သီးသည် အခြားအသီးများကဲ့သို့ အကိုင်းဖျားမှာတင်သီးခြင်းမဟုတ်ဘဲ အပင်ပင်စည်နှင့် အကိုင်းအကြီးကြီးများတွင် အပြွတ်လိုက်၊ အခိုင်လိုက် တွဲလောင်းကျပြီး သီးတတ်သည်။ အသီးနုစဉ်တွင် စိမ်းစိုပြီး မာဆတ်ဆတ်ရှိတတ်သော်လည်း ရင့်မှည့်လာသောအခါ အဝါရောင် သို့မဟုတ် နီညိုရောင်ပြောင်းသွားပြီး ပျော့အိကာ ချိုအီသောရသာရှိလာသည်။ မြန်မာတို့၏ ကျေးလက်သဘာဝတွင် ဆေးလည်းဖြစ် စား၍လည်းမြိန်သည့် ရိုးရာအသီးအနှံများ များစွာရှိသည့်အနက် ချောင်းဘေး၊ မြောင်းဘေးနှင့် တောတောင်များတွင် အလေ့ကျပေါက်လေ့ရှိသည့် ကတွတ်ပင်နှင့် ကတွတ်သီးမှာ ထူးခြားသည့်အာဟာရနှင့် ဆေးဖက်ဝင်အာနိသင်များကြောင့် လူသိများသည့်အသီးတစ်မျိုးဖြစ်သည်။

**ကတွတ်ပင်မူရင်းဇာစ်မြစ်နှင့်ပြည်ပစိုက်ပျိုးမှု**

ကတွတ်ပင်၏မူရင်းဇာစ်မြစ်သည် ဩစတြေးလျတိုက်၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသများဖြစ်ပြီး အပူပိုင်းနှင့် သမပိုင်းရာသီဥတုရှိသည့် မြစ်ချောင်းဘေးများတွင် သဘာဝအလျောက်စတင်ပေါက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အဓိကအားဖြင့် အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်ပြည်တောင်ပိုင်းနှင့် ဩစတြေးလျမြောက်ပိုင်းတို့တွင် အမြောက်အမြား ပေါက်ရောက်စိုက်ပျိုးကြသည်။ အထူးသဖြင့် အိန္ဒိယတွင် Udumbara ဟုခေါ်ပြီး ဟိန္ဒူဘာသာရေးအရ အလေးအမြတ်ထားကာ စိုက်ပျိုးကြသည်။

**ကတွတ်သီးအမျိုးအစား**

ကတွတ်သီးသည် အဝါရောင်ရှိပြီး အညိုရောင်အမွေးနုများ ဖုံးအုပ်ထားကာ အချိုသီးနှင့် အချဉ်သီးဟူ၍ နှစ်မျိုးရှိသည်။ ကတွတ်သီးအလုံးကြီးမျိုးကို ရဝမ်ဘာသာစကားနှင့် မနိုရှီးဟုခေါ်ပြီး အလုံးအသေးမျိုးကို ရမေးရှီးဟုခေါ်သည်။ ထိုအသီးနှစ်မျိုးက ချိုသည့်အရသာရှိပြီး လူ့ခန္ဓာကိုယ်အတွက် အာဟာရဖြစ်စေသည်။ ရမေးရှီး ခေါ် ကတွတ်သီးသည် ဆီးဖြူသီးအရွယ်ခန့်ရှိပြီး ၎င်းအသီး၏ နီဝါရောင်အခွံပေါ်တွင် အဖုငယ်လေးများရှိသည်။ ကတွတ်သီး၏ အတွင်းသားထဲတွင် အစေ့ငယ်ကလေးများအပြင် ပိုးကောင်ငယ်လေးများပါဝင်ပြီး အသီးများမှည့်လာလျှင် သဘာဝအမှည့်တိုင်းသော်လည်းကောင်း၊ ယိုထိုး၍သော်လည်းကောင်း စားသုံးနိုင်သောအသီးတစ်မျိုးဖြစ်သည်။



**ကတွတ်သီးစားသုံးမှုပုံစံ**

ကတွတ်သီးကို အခြေအနေအလိုက်ပုံစံမျိုးစုံနှင့် စားသုံးနိုင်ပြီး အချို့က အလုံးလိုက်စားကြသကဲ့သို့ အချို့က ထန်းလျက်၊ ကြံသကာ၊ သကြားတို့ဖြင့် ယိုထိုး၍ ရိုးရာအစားအစာဖြင့် စားသုံးကြကြောင်း သိရသည်။ ကတွတ်သီးမှည့်ကို အခွံနွှာ၍ သို့မဟုတ် ရေစင်စင်ဆေး၍ အသီးအတိုင်းစားကြပြီး အတွင်း၌ အစေ့ကလေးများပါဝင်ပြီး ချိုသောအရသာရှိသည်။ ကတွတ်သီးအနုကို ထိပ်က မျက်စိကလေးများလှီး၍ ရေဆေးပြီး ငါးပိရည်၊ ငါးပိချက်တို့နှင့်တို့စရာအဖြစ် မြိန်ရှက်စွာစားသုံးကြသည်။ ကတွတ်သီးအမှည့်များကို သကြား၊ ထောပတ်တို့နှင့် ကတွတ်သီးယိုထိုးပြီး ရေရှည်သိမ်းဆည်း၍ စားသုံးလေ့ရှိကြသည်။

**ကတွတ်သီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ကတွတ်သီးတွင် လူ့ခန္ဓာကိုယ်ကျန်းမာရေးအတွက်လိုအပ်သည့် အာဟာရဓာတ်များကြွယ်ဝစွာပါဝင်နေသည်။ ခန္ဓာကိုယ်ကို အင်အားဖြစ်စေသည့် ကာဗိုဟိုက်ဒရိတ်နှင့် သကြားဓာတ်၊ အစာခြေစနစ်ကို အလွန်အထောက်အကူပြုသည့် အမျှင်ဓာတ်၊ ဗီတာမင် B2၊ ဗီတာမင်စီနှင့် ဗီတာမင်အေတို့ပါဝင်သည့်အပြင် သတ္တုဓာတ်များဖြစ်သည့် ပိုတက်စီယမ်အမြင့်မားဆုံးပါဝင်ပြီး ကယ်လ်စီယမ်၊ သံဓာတ်နှင့် ဖော့စဖရတ်တို့ပါဝင်သည်။ အပင်ထွက်ဓာတ်ပေါင်းများဖြစ်သည့် Tannins၊ Flavonoids နှင့် Alkaloids ကဲ့သို့ ရောဂါပိုးမွှားများကို တိုက်ဖျက်နိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်းပါဝင်သည်။

**ကတွတ်သီးမှရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာအရရော ခေတ်သစ်အာဟာရဗေဒအရပါ ကတွတ်ပင်၏ အမြစ်၊ အခေါက်၊ အသီးတို့သည် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည်။

**အစာအိမ်နှင့်အူလမ်းကြောင်းကို ကောင်းမွန်စေခြင်း**

ကတွတ်သီးတွင် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် ဝမ်းချုပ်ခြင်းကို ပျောက်ကင်းစေပြီး အူမကြီးကို သန့်စင်စေသည့်အတွက် အစာအိမ်သမားများအတွက် သင့်တော်သည်။

**သွေးတိုးကျစေခြင်း**

ကတွတ်သီးတွင် ပိုတက်စီယမ်ဓာတ် မြင့်မားစွာပါဝင်သောကြောင့် သွေးကြောများကိုပျော့ပျောင်းစေပြီး သွေးတိုးရောဂါကိုကျစေသဖြင့် သွေးတိုးသမားများစားသုံးသင့်သည်။

**နှလုံးရောဂါကာကွယ်ပေးခြင်း**

ကတွတ်သီးတွင် ပိုတက်စီယမ်ဓာတ်ကြွယ်ဝသောကြောင့် သွေးဖိအားကိုထိန်းညှိပေးပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။

**ခန္ဓာကိုယ်အပူငြိမ်းစေသောကတွတ်သီး**

ကတွတ်သီးသည် အေးသည့်အာနိသင်ရှိသောကြောင့် ဆီးပူ၊ ဆီးအောင့်ခြင်းများကို သက်သာစေပြီး ခန္ဓာကိုယ်တွင်း အပူဒဏ်ကိုလျော့ကျစေသည်။

**ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးခြင်း**

ကတွတ်သီးတွင် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်၍ အစာခြေစနစ်ကိုကောင်းမွန်စေသည့်အတွက် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

**ဝမ်းကိုက်၊ ဝမ်းပျက်ရောဂါသက်သာစေခြင်း**

ကတွတ်သီးတွင် Tannin ဓာတ်ပါဝင်မှုကြောင့် အူလမ်းကြောင်းတွင်းမှ ဘက်တီးရီးယားများကို သေစေနိုင်သောကြောင့် ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်းကို သက်သာစေသည်။

**ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေခြင်း**

ကတွတ်သီးတွင်ပါဝင်သော အာဟာရဓာတ်များက ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည့်အတွက် အအေးမိဖျားနာခြင်းများ အလွယ်တကူမဖြစ်ပွားနိုင်ကြောင်း သိရသည်။

**အရိုးအဆစ်သန်မာစေခြင်း**

ကတွတ်သီးတွင် ကယ်လ်စီယမ်ပါဝင်မှုကြောင့် အရိုးအဆစ်များကို သန်မာစေသည့်အပြင် အသက်ကြီးသူများတွင်ဖြစ်တတ်သည့် အရိုးပွရောဂါကို ကာကွယ်ပေးသည်။

**ဆီးချိုထိန်းညှိပေးခြင်း**

ကတွတ်သီး၏အခေါက်နှင့် အသီးစိမ်းသည် အင်ဆူလင်ထုတ်လုပ်မှုကို အားပေးသောကြောင့် သွေးတွင်းသကြားဓာတ်ကို လျော့ကျစေသည်။ ကတွတ်သီးတွင် ပိုတက်စီယမ်ဓာတ်များသဖြင့် သွေးတိုး၊ ဆီးချိုသမားများအတွက် သင့်လျော်သည်။

**ကင်ဆာရောဂါကာကွယ်ပေးနိုင်ခြင်း**

ကတွတ်သီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာပါဝင်သောကြောင့် ဆဲလ်များပျက်စီးခြင်းကို တားဆီးပေးပြီး ကင်ဆာရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

**အမျိုးသမီးများအတွက်အကျိုးပြုခြင်း**

သားအိမ်အားနည်းခြင်း၊ သွေးသားမမှန်ခြင်းတို့အတွက် ကတွတ်သီးမှည့်ကို မှန်မှန်စားပေးခြင်းဖြင့် သွေးသားသန့်စင်စေသည်။

**ကတွတ်သီး၏ ဆိုးကျိုးများ**

ကတွတ်သီး၏သဘာဝအရ အသီးအတွင်း၌ ကတွတ်ကောင်ဟုခေါ်သည့် နကျယ်ကောင်လေးများ ခိုအောင်းပေါက်ဖွားတတ်သောကြောင့် သေချာမစစ်ဆေးဘဲစားမိပါက ဗိုက်အောင့်ခြင်း၊ အစာအဆိပ်သင့်ခြင်း စသည့်အန္တရာယ်များဖြစ်နိုင်သည်။ ညောင်စေး သို့မဟုတ် ရော်ဘာစေးနှင့် ဓာတ်မတည့်သူများသည် ကတွတ်သီး အထူးသဖြင့် ကတွတ်စေးနှင့်ထိတွေ့မိပါက အရေပြားယားယံခြင်း၊ အင်ပျဉ်ထခြင်း စသည့်ဓာတ်မတည့်မှု များဖြစ်တတ်သည်။ ဆီးချိုရောဂါအတွက် ဆေးသောက်သုံးနေရသူများအနေဖြင့် ကတွတ်သီး သို့မဟုတ် ကတွတ်ခေါက်ဆေးကို အလွန်အကျွံစားသုံးလျှင် သွေးတွင်းသကြားဓာတ်ရှိသင့်သည်ထက် ပိုကျသွားတတ်သဖြင့် သတိပြုဆင်ခြင်စားသုံးသင့်သည်။ ကတွတ်သီးသည် ဝမ်းမှန်စေသည့်အာနိသင်ရှိသော်လည်း ပမာဏအများအပြားစားမိပါက ဝမ်းအလွန်အကျွံသွားပြီး ဝမ်းလျှောတတ်သဖြင့် သတိပြု၍ စားသုံးသင့်သည်။

**တန်ဆေးလွန်ဘေး**

အစားအစာစားသုံးရာတွင် တန်ဆေးလွန်ဘေးဆိုစကားအတိုင်း ကတွတ်သီးကိုအလွန်အကျွံစားသုံးမိပါက အစာအိမ်နာကျင်သည့်ဝေဒနာ ခံစားရနိုင်သကဲ့သို့ အစေ့ကလည်း အသည်းကို ထိခိုက်စေနိုင်သည်။ သွေးတွင်းသကြားဓာတ်နည်းသူများနှင့် အရေပြားဓာတ်မတည့်သူများအနေဖြင့် ချင့်ချိန်စားသုံးသင့်သည်။ ကတွတ်သီးကိုမစားမီ ထက်ခြမ်းခြမ်းပြီး အတွင်း၌ ပိုးကောင် ရှိ၊ မရှိ သေချာစစ်ဆေး၍ ရေဆေးပြီးမှသာ စားသုံးသင့်သည်။

**ကတွတ်သီးအနှစ်ချုပ်**

ကတွတ်သီးသည် မြို့ပြတွင် ဝယ်ယူစားသုံးရန်ရှားပါးသော်လည်း ကျေးလက်ဒေသများတွင် အလွန်တန်ဖိုးရှိသော သဘာဝအာဟာရတစ်မျိုးဖြစ်သည်။ ကတွတ်သီးကိုစားသုံးခြင်းဖြင့် ဖျားနာမှုကို တိုက်ဖျက်ပေးနိုင်ခြင်း၊ ကင်ဆာဆဲလ်များကို သေစေနိုင်သကဲ့သို့ အမျှင်ဓာတ်ကလည်း ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ခြင်းနှင့် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါတို့ကို ထိန်းချုပ်ပေးနိုင်သည်။ ဓာတုဆေးဝါးများကင်းစင်ပြီး ခန္ဓာကိုယ်ကိုအကျိုးပြုသည့် အသီးတစ်မျိုးဖြစ်သောကြောင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆေးဖက်ဝင်ကတွတ်သီးကို အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ဒီပဲယင်း ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၉၄၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၁၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်းတွေ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့အတွက်နှန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် အောင်ပန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျည်တော်ကန်ကျေးရွာအုပ်စု အောင်ပန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။

ဆက်လု

## ရင်ထဲက ပုလဲသွယ်

- အချစ်ဦးသူရဲ့
ချစ်ဖူးသူ ရင်အလွှာ၌
အကြင်နာ ကမ္ဘာ မကတာလည်း
သာဓက ထပ်ဖော်စရာ အသစ်ထွင်မရေးတော့ပါဘူး
ရာမဇာတ်တော်လာ ဖြစ်စဉ်ကလေးကိုဖြင့်
တွေးကြည့်စမ်း စေချင်သည်။

- ဟနုမာန် တပည့်သားကိုဖြင့်
ချစ်သနားသူ မင်းရာမရယ်က
လှူ့လည်မှာ တယုတယဆွဲပါတဲ့
ပုလဲသွယ် ဖြူဖြူဖွေးကိုမှ
ပေးခဲ့ရှာသည်။

- မသိနားမလည်ရှာ ပုလဲတန်ဖိုးကိုဖြင့်
တပည့်သားငယ်မှာ အသည်းအမုန်ရိုးလေတော့
အငြိုးရယ် ဘယ်မပါဘဲ
ကိုက်ဖြတ်ကာ ဆော့ကစားလိုက်လေတော့
'ငမိုက်သား ဟနုမာန် ရယ်...
မင်း ငါ့ကို တကယ်မချစ်ပါကလား
ပုလဲသွယ် စံပယ်နှစ်ကိုမှ
ဖြတ်ပစ်တယ် မမြင်ရက်စရာ'လို့
သခင်မျက်တော့ အခက်ပွေပြီ...
မျက်ရည်လည်ပြီကွဲ့ သောကဖုံး။

- သခင့်အပြောကိုပင်
နင့်သောရင် ဖြေမဆည်တော့
သေပစီ(စေ) သန်လျက်ဆွဲပါလို့
ရတ်ခြည်းပင် ရင်ကိုခွဲပြလိုက်လေသတဲ့
အမိုက်အမဲရင်မှာ မြင်ပြန်ရတာက
'မင်းရာမ ရုပ်ပုံလွှာ'တဲ့
အသည်းမှာ ထာဝရ
သူ့မေတ္တာ သာမညမဟုတ်ခဲ့ပါလို့
သာဓက သရုပ်ထင်အောင် နှုတ်တွင်မဟာခဲ့ပါလည်း
ရာမအရုပ်မြင်အောင် အဟုတ်ပင် ပြခဲ့သလိုပ
(ဩော်... အခုလည်း)
ဘဝတစ်ဆစ်မှာ ပန်မဖြစ်တာမို့
ချန်ရစ်ကာ သခင်သိလျှက်ကယ်နဲ့
မရှိသုံးအသွင် မကြင်မုန်းတယ်လို့
မချိပြုံးတမင် သခင်ပြုံးလေတော့
နှလုံးကြွေ နွေတစ်သက်မှာဖြင့်
အရှုံးတွေ မရေတွက်ချင်ဘူး
အခက်ပွေစရာ တင်အပြစ်မစရင်လည်း
ရက်ရှည်ကြာ ကြင်ချစ်ဆဲပေမို့
သက်သေပမာ ရင်နှစ်အသည်းကိုဖြင့်
(မြင်ရဲမယ်ဆိုရင်တော့ သခင်ရေ...)
ခွဲကြည့်လှည့်ဦး။ ။

မြင်းမူမောင်နိုင်မိုး

# အီရန်ဆိပ်ကမ်းများကို အကန့်အသတ်မရှိ ပိတ်ထားနိုင်စွမ်းရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးပြောကြား

**ဝါရှင်တန် ဩဂုတ် ၁၄**

အီရန်ဆိပ်ကမ်းများ ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားမှုကို အမေရိကန်နိုင်ငံအနေဖြင့် အချိန်ကာလအကန့်အသတ်မရှိ ပိတ်ထားနိုင်စွမ်းရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်က ဩဂုတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန် တပ်မတော်အနေဖြင့် အီရန်ကိုရေကြောင်းပိတ်ဆို့မှု ပြုလုပ်ထားရေးအတွက် အရှေ့ပင်လယ်ပိုင်းဒေသ၌ ရေတပ်အင်အားကို ကာလအကန့်အသတ်မဲ့ထားရှိနိုင်စွမ်းရှိကြောင်း ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။


ထို့ပြင် ရေကြောင်းပိတ်ဆို့မှုများဖြင့် အီရန်နိုင်ငံအပေါ် စီးပွားရေးအရဖိအားပေးမှုများကို မြှင့်တင်မည်ဖြစ်ကြောင်းလည်း အမေရိကန် ကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ဇွန် ၁၇ ရက်တွင် ရယူခဲ့သော စစ်ရေးပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက် ပျက်ပြားခဲ့ရပြီးနောက် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကိုပိတ်ဆို့၍ အမေရိကန်နိုင်ငံကို တန်ပြန်ဖိအားပေးရန် ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ကြောင်း ဖိလစ်ပိုင်သမ္မတ ပြောကြား



**မနီလာ ဩဂုတ် ၁၄**

တောင်တရုတ်ပင်လယ်ဒေသ၌ ပိုင်ဆိုင်ခွင့် အငြင်းပွားမှုများရှိနေသည့်တိုင် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အနေဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ကြောင်း ဖိလစ်ပိုင် သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

မနီလာမြို့၌ ကျင်းပခဲ့သော ပြည်ပသတင်းစာ ဆရာများနှင့် တွေ့ဆုံပွဲတွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်အတွင်း အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးပဋိပက္ခများ ပေါ်ပေါက်နေစဉ် စွမ်းအင်ဖြည့်ဆည်းမှု ကဏ္ဍအပါအဝင် နယ်ပယ်အများအပြား၌ တရုတ်နှင့် ဖိလစ်ပိုင်တို့ကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်း သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောကြားခဲ့သည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတက သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ် ပိုင်ဆိုင်ခွင့်အငြင်းပွားမှုကြောင့် ဆက်ဆံရေးမကျေမလည် ဖြစ်နေသော နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်၌ တည်ဆောက်ဆဲ ဥမင်လမ်း ပြိုကျမှုဖြစ်

**ဒေလီ ဩဂုတ် ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ် ရေအားလျှပ်စစ်စက်ရုံစီမံကိန်းတစ်ခု၌ တည်ဆောက်ဆဲဥမင်လမ်းတစ်ခု ပြိုကျခဲ့ရာ အလုပ်သမားခုနစ်ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟုXinhua သတင်းဌာနက ဖော်ပြထားသည်။

ဗီရှနူးဂတ်– ပီပယ်လ်ကိုတီ ရေအားလျှပ်စစ် စီမံကိန်းအတွက် တည်ဆောက်နေသည့် အဆိုပါ ဥမင်လမ်းကြောင်းသည် ဩဂုတ် ၁၃ ရက် ညပိုင်းတွင် ပြိုကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဥမင်လမ်း ပြိုကျခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ အလုပ်သမား ၁၂ ဦးကို ကယ်ထုတ်နိုင်ခဲ့ပြီး သုံးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ဗီရှနူးဂတ် – ပီပယ်လ်ကိုတီ ရေအားလျှပ်စစ် စီမံကိန်းဥမင်လမ်းပြိုကျချိန်တွင် အဆိုပါ ဥမင်လမ်းကြောင်းအတွင်း အလုပ်သမား ၂၂ ဦး အလုပ်လုပ်နေကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ဘူမိအနေအထား၊ ဆောက်လုပ်ရေးလုပ်ငန်း စည်းမျဉ်းများ ဖောက်ဖျက်မှု၊ ရာသီဥတုပြင်းထန်မှု စသည့်အချက်များကြောင့် အိန္ဒိယနိုင်ငံ၌ ဆောက်လုပ်ရေးလုပ်ငန်း မတော်တဆဖြစ်ပွားမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်ကလည်းဥတ္တရာခန်းပြည်နယ်မြောက်ပိုင်း၌ တည်ဆောက်ဆဲဥမင်လမ်း အစိတ်အပိုင်းတစ်ခုပြိုကျခဲ့ရာ အလုပ်သမား ၄၁ ဦး ၁၇ ရက်ကြာ ပိတ်မိခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



# အန္တရာယ်ကြီးမားသည့် အကျဉ်းသား ဦးရေ ၃၀၀ ခန့်ကို အကျဉ်းထောင်သစ်သို့ ချီလီအစိုးရ ရွှေ့ပြောင်း

**ဆန်တီယာဂို ဩဂုတ် ၁၄**

နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များ၌ ထိန်းသိမ်းထားသော အန္တရာယ်ကြီးမားသည့် အကျဉ်းသားဦးရေ ၃၀၀ခန့်ကို ချီလီအစိုးရက အကျဉ်းထောင်သစ် တစ်ခုသို့ ဩဂုတ် ၁၃ ရက်တွင် ပို့ဆောင်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတ ဟိုဆေးအန်တိုနီယို၏ အုပ်စုဖွဲ့ရာဇဝတ်မှုများ နှိမ်နင်းရေး ကတိကဝတ်နှင့်အညီ အဆိုပါ အကျဉ်းသား ဦးရေ ၃၀၀ ခန့်ကို လာလာ ဂူနာအကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

လာလာဂူနာ အကျဉ်းထောင်သစ်သို့ အန္တရာယ်ကြီးမားသော အကျဉ်းသားများ ရွှေ့ပြောင်းမှုကို သမ္မတ ဟိုဆေးအန်တိုနီယို ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ တောင်ဘက် ၁၅၅ မိုင် အကွာတွင်တည်ရှိသော လာလာဂူနာ အကျဉ်းထောင်သစ်သည် ချီလီနိုင်ငံ၏ အကြီးမားဆုံးအကျဉ်းထောင်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ချီလီအစိုးရသည် ပြည်တွင်း အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ လွန်ကဲမှုကိုဖြေရှင်းရေးအတွက် လာလာဂူနာအကျဉ်းထောင်ကို မကြာသေးမီကမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ချီလီနိုင်ငံသည် လက်တင်အမေရိကဒေသ၌ ဘေးအန္တရာယ်အကင်းရှင်းဆုံး နိုင်ငံအဖြစ်ဆက်လက်ရပ်တည်နေဆဲ ဖြစ်သော်လည်း မကြာသေးမီနှစ်များအတွင်း ရာဇဝတ်မှုများဖြစ်ပွားနှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ အခြားအာရှနိုင်ငံများသို့ တင်ပို့မှုမြင့်တက်လာ

**ပေကျင်း ဩဂုတ် ၁၄**

တရုတ်နိုင်ငံ၏လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ အခြားအာရှနိုင်ငံများသို့ တင်ပို့မှုမှာ မြင့်တက်လာကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ငါးလကျော်ကြာ အီရန်စစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ်အာရှတိုက်တစ်ခွင်လုံး၌ လျှပ်စစ်စွမ်းအင်သုံးကားများ သုံးစွဲမှု မြင့်တက်လာချိန်တွင် တရုတ်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ ပြည်ပတင်ပို့ရမှု မြင့်တက်လာခဲ့သည်။

ပြည်တွင်း၌ လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ သုံးစွဲမှု ကျယ်ပြန့်လာမှုကြောင့် တရုတ်နိုင်ငံအနေဖြင့် အီရန်စစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲဆိုးကျိုးများမှ သက်သာရာရခဲ့သည်။



လက်ရှိတွင် အခြားသော အာရှနိုင်ငံများသည်လည်း လျှပ်စစ်စွမ်းအင်သုံး ကုန်တင်ယာဉ်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန် ကြိုးပမ်းလာခဲ့ကြသည်။

အမေရိကန်နိုင်ငံနှင့် အစ္စရေးတို့က ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်ရေးအရတိုက်ခိုက်ခဲ့ပြီး လေးလအတွင်း တရုတ်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံး ကုန်တင်ယာဉ်အကြီးစားများ ပြည်ပသို့ တင်ပို့မှုသည် ယမန်နှစ်အလားတူ ကာလထက် နှစ်ဆမြင့်တက်လာပြီး ၁၆၈၂၃ စီး ထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# Katalyst အာကာသနည်းပညာကုမ္ပဏီက လင့်ခ်အာကာသယာဉ်၏ ပျံသန်းမှုထိန်းချုပ်ရေးဆော့ဝဲကို အောင်မြင်စွာ အဆင့်မြှင့်တင်နိုင်ခဲ့



ဝါရှင်တန် ဩဂုတ် ၁၄

အမေရိကန်နိုင်ငံ အခြေစိုက် Katalyst အာကာသနည်းပညာ ကုမ္ပဏီသည် လင့်ခ်အာကာသ ယာဉ်၏ ပျံသန်းမှုထိန်းချုပ်ရေး ဆော့ဝဲကို အောင်မြင်စွာ အဆင့် မြှင့်တင်နိုင်ခဲ့ကြောင်း ဩဂုတ် ၁၃ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

Katalyst ကုမ္ပဏီသည် လင့်ခ် အာကာသယာဉ်၏ မွှတ်မွှတ်လည် မှုနှုန်းကို ပြန်လည်လျှော့ချနိုင်ခဲ့ ပြီးနောက် ပျံသန်းမှုထိန်းချုပ်ရေး ဆော့ဝဲကို အောင်မြင်စွာ အဆင့် မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အမျိုး သားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီနှင့် Katalyst ကုမ္ပဏီတို့သည် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ် ၏ ပတ်လမ်းအမြင့်ကို မြှင့်တင် ရေးအတွက် လင့်ခ်အာကာသယာဉ် ကို ယခုနှစ် ဇူလိုင် ၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လွှတ်တင်ပြီး သီတင်းနှစ်ပတ်အကြာတွင် လင့်ခ် အာကာသယာဉ်သည် ဒုံးအင်ဂျင် ပြဿနာတစ်ရပ်ကြောင့် ပတ်လမ်း ပေါ်၌ မွှတ်မွှတ်လည်မှုနှုန်း မြင့် တက်လာခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် လင့်ခ် အာကာသယာဉ်သည် ပျံသန်းမှု ထိန်းချုပ်ရေးဆော့ဝဲကို အဆင့် မြှင့်တင်ပြီးနောက် ဆွစ်ဖ်အာကာသ ရေဒီယို တယ်လီစကုပ်အနီးသို့ ချဉ်းကပ်နိုင်ရေးအတွက် ပြင်ဆင် မှုများ စတင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# အရွယ်ရောက်သူများ၌ သွားပြန်ပေါက်စေနိုင်သော ဆေးတစ်မျိုး ဂျပန်သုတေသနပညာရှင်များ ဖန်တီး

တိုကျို ဩဂုတ် ၁၄

အရွယ်ရောက်သူများ၌ သွား ပြန်ပေါက်စေနိုင်သော ဆေး တစ်မျိုးကို ဂျပန်သုတေသနပညာ ရှင်များက ဖန်တီးထားကြောင်း ဩဂုတ် ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ သုတေသနပညာရှင်များ ဖန်တီး ထားသော TRG 035 အမည်ရှိ အဆိုပါဆေးဝါးသစ်သည် သွားများ ဖွံ့ဖြိုးစည်းဖြစ်ပေါ်မှုကို တားဆီးတတ် သည့် ပရိုတင်းတစ်မျိုးကို ပိတ်ပင် ခြင်းဖြင့် သွားသစ်များကို ပြန်ပေါက် စေနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျပန် သုတေသန ပညာရှင်များသည် TGR 035 ဆေးကို သွားပြန်ပေါက် နိုင်မှုမရှိသည့် အရွယ်ရောက်သူ များနှင့် လက်တွေ့စမ်းသပ်မှု ပြုလုပ်ရန် စီစဉ်ထားသည်။

စမ်းသပ်မှု အောင်မြင်ခဲ့ပါက သွားပိုးစားမှုပြဿနာ၊ သွားဖုံး ရောဂါနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှု ကြောင့် သွားဆုံးရှုံးခဲ့ရသူများ အတွက် အကျိုးကျေးဇူးရှိလာနိုင် သည်ဟု သုတေသနပညာရှင် များက မျှော်လင့်ထားကြောင်း သိရသည်။


ဂျပန် သုတေသနပညာရှင်များ ၏အဆိုအရ USAG-1 ခေါ် ပရို တင်းတစ်မျိုးသည် သွားများပြန် လည် ထွက်ပေါ်လာမှုကို ပိတ်ပင် ထားနိုင်ကြောင်း၊ TRG 035 ဆေး သည် USAG 1 ပရိုတင်းကို တွယ်ကပ် ၍ ၎င်းပရိုတင်း၏ စွမ်းဆောင်ရည် ကို ပိတ်ပင်ထားနိုင်သည့် ဓာတ်ခွဲ ခန်းအတွင်း ဖန်တီးထားသော သွေးဖြူဆဲလ် ပဋိပစ္စည်းတစ်မျိုးကို အသုံးပြုထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# အိုင်ယာလန်နိုင်ငံမှ စပိန်နိုင်ငံထိပါဝင်သော ဥရောပနိုင်ငံများရှိ ပြည်သူသန်းပေါင်းများစွာ နေအပြည့်ကြတ်မှုဖြစ်စဉ်ကို တွေ့မြင်

မက်ဒရစ် ဩဂုတ် ၁၄

ဩဂုတ် ၁၂ ရက်တွင် နေ အပြည့်ကြတ်မှု ဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့ရာ အိုင်ယာလန်နိုင်ငံ မှ စပိန်နိုင်ငံထိပါဝင်သော ဥရောပ နိုင်ငံများရှိ ပြည်သူသန်းပေါင်း များစွာတို့ ၎င်းနေအပြည့်ကြတ်မှု ဖြစ်စဉ်ကို တွေ့မြင်ခဲ့ကြရကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။



၎င်းနေအပြည့်ကြတ်မှုဖြစ်စဉ် သည် စပိန်နိုင်ငံအတွက် ၁၉၀၅ ခုနှစ်နောက်ပိုင်း ပထမဆုံး ကြုံတွေ့ခဲ့ရသည့် နေအပြည့် ကြတ်မှုဖြစ်စဉ် ဖြစ်ခဲ့ရကြောင်း သိရသည်။

ဗြိတိန်နိုင်ငံနှင့် အခြားဥရောပ နိုင်ငံအများစုအတွက်မူ အထက်ပါ နေကြတ်မှုဖြစ်စဉ်သည် ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးနေ အပြည့်ကြတ်မှု ဖြစ်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက် နေကြတ်မှု ဖြစ်စဉ်သည် ရုရှားနိုင်ငံ ဆိုက်ဘေး ရီးယားဒေသအနီး အာတိတ် သမုဒ္ဒရာအထက်တွင် စတင်ခဲ့ပြီး စပိန်နိုင်ငံ မြောက်ပိုင်းအရှေ့ဖက် တွင် နေအပြည့်ကြတ်မှု အဆင့်သို့ ရောက်ရှိခဲ့ရကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက် နေအပြည့် ကြတ်မှုကြောင့် လရိပ်တစ်ခုလုံး ဖြတ်သန်းခဲ့ရာ လမ်းကြောင်း အရှည်မှာ ၁၈၂ မိုင်ထိ ရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက် ချက်ထားသည်။

အဆိုပါ နေအပြည့်ကြတ်မှု ဖြစ်စဉ်ကို ဥရောပတစ်ဝန်းမှ သိပ္ပံ ပညာရှင်များနှင့် နာဆာသိပ္ပံပညာ ရှင်များက မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များ၊ ကမ္ဘာ ပတ်လမ်းကြောင်းပေါ်မှ ဂြိုဟ်တု များဖြင့် စောင့်ကြည့်လေ့လာ ခဲ့ကြသည်။

နေနှင့်ကမ္ဘာကြားသို့ လ တိုက်ရိုက် ဝင်ရောက်ဖြတ်သန်း ချိန်တွင် နေကြတ်မှုများဖြစ်ပွား တတ်ကြောင်း သိပ္ပံပညာရှင်များ က ပြောကြားသည်။

Ref : Sputnik News
Trs : KKO

# ကိုရိုနာဗိုင်းရပ် ကူးစက်ခံခဲ့ရပြီးနောက် ငြိမ်သက်နေသည့်ဗိုင်းရပ်များ ပြန်နိုးထလာနိုင်

နယူးယောက် ဩဂုတ် ၁၄

ရောဂါလက္ခဏာများ ပြင်းထန် သော ကိုရိုနာဗိုင်းရပ်ကူးစက်ပြီး နောက် ကိုယ်ခန္ဓာအတွင်း ခိုအောင်း ငြိမ်သက်နေသော အခြားဗိုင်းရပ် များ ပြန်လည်နိုးထလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၃ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။


အမေရိကန် သုတေသနပညာ ရှင်များသည် ကိုဗစ်-၁၉ ရောဂါ လူနာ ၁၁၅ ဦးတို့၏ ဇီဝနမူနာ များကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာ သည့် ရလဒ်များအရ ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက် ခဲ့ကြရသော လူနာများ၏ခန္ဓာ ကိုယ်တွင်း၌ ပထမ ရက်ပေါင်း ၄၀ အတွင်း ခိုအောင်းငြိမ်သက်နေ သည့် ဗိုင်းရပ်အမျိုးအစား ၁၁ မျိုး ထိ ပြန်လည်နိုးထလာသည်ကို တွေ့ရကြောင်း သုတေသန ပညာ ရှင်များက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်ကြောင့် ပြန်လည် နိုးထလာသော ဗိုင်းရပ်များထဲတွင် Epstein-Barr ဗိုင်းရပ် အပါအဝင် ရေယုန်ဗိုင်းရပ်များလည်း ပါဝင်ပြီး Anelloviridae ခေါ် ဗိုင်းရပ် တစ်မျိုးလည်း ပါဝင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ ဗိုင်းရပ်များသည် ကျန်းမာရေး ကောင်းမွန်နေချိန် တွင် လူ့ကိုယ်တွင်း၌ ငြိမ်သက်နေ တတ်သော်လည်း နာမကျန်းဖြစ် နေသည့် ကာလများ သို့မဟုတ် စိတ်ဖိအား ဝင်ရောက်နေသည့် ကာလများတွင် ပြန်လည်သက် ဝင် လှုပ်ရှားလာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



# အမေရိကန်အခြေစိုက် Rocket Lab ကုမ္ပဏီက နေရာရွှေ့ပြောင်းပို့ဆောင်နိုင်သော ဒုံးပစ်စင်စနစ်ကို ထုတ်ဖော်ပြသ

ဝါရှင်တန် ဩဂုတ် ၁၄

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် နေရာ ရွှေ့ပြောင်းပို့ဆောင်နိုင်သော ဒုံး ပစ်စင်စနစ်ကို ထုတ်ဖော်ပြသခဲ့ ကြောင်း ဩဂုတ် ၁၃ ရက် သတင်း များအရ သိရသည်။

GHOST အမည်ရှိ အဆိုပါ ဒုံးပစ်စင်စနစ်သည် အီလက်ထရွန် ဒုံးပျံကို မည်သည့်နေရာမှမဆို အချိန်မရွေးလွှတ်တင်နိုင်မည်ဖြစ် ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

GHOST စနစ်ဖြင့် ဒုံးပျံယာဉ် ပစ်စင်နှင့် မြေပြင်ထိန်းချုပ်ရေး စနစ်များကို သင်္ဘောတင်ကုန် သေတ္တာဖြင့်ထည့်သွင်း၍ ကမ္ဘာ ပေါ်ရှိ မည်သည့်နေရာမျိုးကိုမဆို ပို့ဆောင်ပေးနိုင်ကြောင်း Rocket Lab ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် Rocket Lab ကုမ္ပဏီသည် အီလက်ထရွန် ဒုံးပျံကို နယူးဇီလန်နိုင်ငံ နေ့ဒ်သ် အိုင်းလန်းကျွန်းနှင့် အမေရိကန် နိုင်ငံ ဝေါလ်လော့ကျွန်းတို့မှတစ် ဆင့် လွှတ်တင်လျက်ရှိသည်။

ထို့ပြင် Rocket Lab ကုမ္ပဏီ သည် အီလက်ထရွန်ဒုံးပျံများကို အလက်စကာပြည်နယ် ပစိဖိတ် အာကာသစခန်းမှတစ်ဆင့် လွှတ် တင်ရန်လည်း စီစဉ်ထားသည်။

အီလက်ထရွန် ဒုံးပျံသည် Rocket Lab ကုမ္ပဏီ၏ အဓိက ဒုံးပျံဖြစ်ပြီး ဂြိုဟ်တုအငယ်စားများ ကို လွှတ်တင်ရေးအတွက် အသုံး ပြုနေသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# PGA Tour St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျော်ဒန်စပိုက်အပါအဝင် ပြိုင်ပွဲဝင်ငါးဦးက အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်

**တန်နက်ဆီ ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ် မမ်ဖစ်မြို့တွင် ကျင်းပနေသည့် PGA Tour St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျော်ဒန်စပိုက် အပါအဝင် ပြိုင်ပွဲဝင် ငါးဦးက သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဖလက်ဝုဒ်အပါအဝင် ပြိုင်ပွဲဝင် ခုနစ်ဦးက သတ်မှတ်ရိုက်ချက်ထက် လေးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ဂျော်ဒန်စပိုက်က "ဒီပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ဖို့အတွက် ကျွန်တော်အများကြီး ကြိုးစားခဲ့ရပါတယ်။ ကမ္ဘာ့အဆင့် ကစားသမားတွေ ပါဝင်ယှဉ်ပြိုင်နေတဲ့ ဒီပြိုင်ပွဲမှာ စိတ်ရှည်သည်းခံမှုရမယ်ဆိုတာသိပါတယ်။ အနိုင်ရဖို့အတွက် အကောင်းဆုံးပြင်ဆင်လာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**
**Trs : AZL**



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ ပွဲစဉ်များအဖြစ် အောင်လင်းဦး(မန္တလေး) နှင့် စောသိန်းဇော်(မွန်)တို့ ယှဉ်ပြိုင်ခဲ့ရာ စောသိန်းဇော်၊ ဝေနိုင်ဦး (နေပြည်တော်) နှင့် ထက်ပိုင်စိုး(တနင်္သာရီ ) တို့ ယှဉ်ပြိုင်ခဲ့ရာ ထက်ပိုင်စိုး၊ အမျိုးသား ၅၁ ကီလိုတန်း ပြိုင်ပွဲတွင် စိုးမိုးလွင်(ဧရာဝတီ)နှင့် လိန်းဟုန်(ရန်ကုန်)တို့ ယှဉ်ပြိုင်ခဲ့ရာ စိုးမိုးလွင်၊ ချမ်းမြေ့နိုင် (တနင်္သာရီ) နှင့် ကောင်းခန့်ကျော် (ပဲခူး) တို့ယှဉ်ပြိုင်ခဲ့ရာ ကောင်းခန့်ကျော်၊ ဆွတ်မျိုးထွယ်(ကချင်) နှင့် မင်းသစ္စာ(ကရင်)တို့ ယှဉ်ပြိုင်ခဲ့ရာ မင်းသစ္စာ၊ အမျိုးသား ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ဆန်းလင်းအောင်(စစ်ကိုင်း)နှင့် မျိုးဂျက်ခေါင် (မွန်) တို့ယှဉ်ပြိုင်ခဲ့ရာ မျိုးဂျက်ခေါင်၊ အောင်လင်းဦး(ကချင်) နှင့် စန်းကိုကို (ရှမ်း) တို့ယှဉ်ပြိုင်ခဲ့ရာ အောင်လင်းဦးတို့က အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသား ၆၃ ဒသမ ၅ ကီလိုပြိုင်ပွဲတွင် သီဟ(ကရင်)နှင့် ထွန်းထွန်းထက်(ရန်ကုန်) တို့ ယှဉ်ပြိုင်ခဲ့ရာ သီဟ၊ စည်သူအောင်(ရှမ်း)နှင့် စထက်လင်း(ဧရာဝတီ)တို့ ယှဉ်ပြိုင်ခဲ့ရာ စထက်လင်း၊ အမျိုးသမီး ၄၈ ကီလိုပြိုင်ပွဲတွင် ပန်းသဇင်မြင့်(ချင်း)နှင့် မလောမံ(မန္တလေး)တို့ ယှဉ်ပြိုင်ခဲ့ရာ မလောမံ၊ သဲမြတ်မွန်(ရှမ်း) နှင့် အေးအေးနွယ်(ကရင်) တို့ ယှဉ်ပြိုင်ခဲ့ရာ အေးအေးနွယ်တို့က အသီးသီး အနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်တွင်လည်း ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ၂၀၂၇ ခုနှစ် စပိန်စူပါဖလားပြိုင်ပွဲကို တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပမည်

**မက်ဒရစ် ဩဂုတ် ၁၄**

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၇ ခုနှစ် စပိန်စူပါဖလားပြိုင်ပွဲကို တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ဝင်ငွေရရှိစေရန် ပရိုမိုးရှင်းဆင်သည့်အနေဖြင့် စပိန်စူပါဖလားပြိုင်ပွဲကို နောက်ပိုင်းနှစ်များတွင် ပြည်ပနိုင်ငံများတွင် သွားရောက်ကျင်းပလေ့ရှိပြီး လာမည့် ၂၀၂၇ ခုနှစ် စပိန်စူပါဖလားပြိုင်ပွဲကိုလည်း တူကီယဲနိုင်ငံတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ခုနှစ်စပိန်စူပါဖလားပြိုင်ပွဲကို ပြည်ပပြိုင်ပွဲအဖြစ် ဆော်ဒီအာရေဗျနိုင်ငံတွင် သွားရောက်ကျင်းပခဲ့ရာ ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ် အသင်းကို အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည်။

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စပိန်စူပါဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းလေးသင်းဖြင့် ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကျင်းပခြင်းဖြစ်ပြီး ပွဲစဉ်များအဖြစ် ၂၀၂၇ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆိုစီဒက်အသင်းတို့ ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : TNT Football**
**Trs : STA**

# ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကို မြို့ကြီးငါးမြို့တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်မှစတင်ပြီး မြို့ကြီးငါးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့တွင်သာ ကျင်းပခဲ့သော်လည်း လာမည့် ဘောလုံးရာသီတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူးမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်းကို ရန်ကုန်ယူနိုက်တက်အသင်း၊ သီဟဒီပအားကစားကွင်းကို ISPE အသင်း၊ ပဒေသာအားကစားကွင်း (သို့မဟုတ်) မြသီတာ အားကစားကွင်းကို ရန်ကုန်စီးတီးအသင်း၊ တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းကို ရှမ်းယူနိုက်တက်အသင်း၊ ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းကို ဧရာဝတီယူနိုက်တက်အသင်း၊ မန္တလေးမြို့ရှိ ဗထူးအားကစားကွင်းကို ရတနာပုံ အက်ဖ်စီအသင်းတို့က အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက လာမည့်ဘောလုံးရာသီမြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ဗီဒီယိုအကူစနစ်(VAR)ကို စတင်အသုံးပြုရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၊အာရှ ဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ) တို့နှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိနေသည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ဩဂုတ် ၂၈ရက်မှဒီဇင်ဘာ ၂၁ ရက်ထိနှင့် ဒုတိယအကျော့ပွဲစဉ်များကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်ဇယားကို မြန်မာနေရှင်နယ်လိဂ် ကော်မတီက မကြာမီထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ပြန်လည်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို လာမည့်အောက်တိုဘာ ၁၉ ရက်မှ စတင်ပြီး ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကိုလည်း ရန်ကုန်မြို့၊ တောင်ကြီးမြို့၊ ပုသိမ်မြို့ စသည့်မြို့ကြီးသုံးမြို့တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်အပြီးတွင် ISPE အသင်းကရမှတ်၂၅ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ရမှတ် ၂၂ မှတ်ဖြင့် အဆင့်(၂)၊ ရန်ကုန် ယူနိုက်တက်အသင်းက ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၃)၊ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၄)၊ သစ္စာအားမာန် အသင်းက ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၅)၊ ရတနာပုံ အက်ဖ်စီအသင်းက ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၆)၊ မြဝတီအသင်းက ရမှတ် ကိုးမှတ်ဖြင့် အဆင့် (၇)၊ ဖွဲ့ကပင်ယူနိုက်တက်အသင်းက ဂိုးကွာခြားချက်အသာရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၈)၊ Young Lionesses အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၉)၊ ရန်ကုန်စီးတီးအသင်းက ရမှတ် မရရှိသေးဘဲ အဆင့် (၁၀) နေရာတွင် အသီးသီးရပ်တည်နေပြီး သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင်လည်း ISPE အသင်းမှ လင်းမြင့်မိုရ်နှင့် သစ္စာအားမာန် အသင်းမှ မြတ်နိုးခင်တို့က သွင်းဂိုး ၁၀ ဂိုးစီဖြင့် ပူးတွဲဦးဆောင်နေသည်။

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်ဇယားကို မြန်မာနေရှင်နယ်လိဂ် ကော်မတီက မကြာမီ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**STA**

# တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ဗီလာရီးရဲလ်၊ အက်စ်ပန်ညို၊ ပြင်သစ်စူပါဖလားဗိုလ်လုပွဲက ပီအက်စ်ဂျီအသင်းတို့ကိုရွေးရမှာပါ

ML




တနင်္ဂနွေနေ့ညမှာတော့ စပိန်လာလီဂါအမှတ်ပေးပွဲစဉ်တွေနဲ့ ပြင်သစ်လီဂူးပြိုင်ပွဲက ဘောလုံးရာသီမစတင်ခင် အမှတ်ပေးချန်ပီယံအသင်း ပီအက်စ်ဂျီနဲ့ ကိုပါဒယ်ရေးဖလားချန်ပီယံ လန်းစ်အသင်းတို့ရဲ့ စူပါဖလားဗိုလ်လုပွဲစဉ်တွေ ကစားသွားမှာဖြစ်ပါတယ်။ စပိန်လာလီဂါပြိုင်ပွဲမှာတော့ အပြောင်းအရွှေ့ကာလတွေမှာ ကစားသမားခေါ်ယူအားဖြည့်ထားတဲ့အသင်းတွေနဲ့ အစဉ်အလာပိုင်းအရ ဘောလုံးရာသီအစမှာ ရလဒ်ကောင်းတွေရရှိထားတဲ့အသင်းတွေကိုပဲ အဓိကချဉ်းကပ်ရမှာဖြစ်ပြီး ပြင်သစ်လီဂူးဝမ်းက စူပါဖလားပြိုင်ပွဲမှာတော့ ထိပ်တန်းအဆင့် ကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့ ပီအက်စ်ဂျီအသင်းတို့ကိုသာ ဦးစားပေးရွေးချယ်သွားမှာဖြစ်တယ်။

**ဗီလာရီးရဲလ်ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညကစားမဲ့ စပိန်လာလီဂါပွဲစဉ် (၁)မှာ အကြိုက်တွေ့တာကတော့ ရေဆင်းအသင်းနဲ့ ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရေဆင်းအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ ဒုတိယတန်းပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးကနေ ချန်ပီယံဆုဖလားရရှိခဲ့တာကြောင့် လာလီဂါပြိုင်ပွဲကို တိုက်ရိုက်တန်းတက်လာတဲ့အသင်းဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိအပြောင်းအရွှေ့ကာလမှာတော့ ကစားသမားခုနစ်ယောက်ထိ ထပ်မံအားဖြည့်ထားခဲ့ပြီး အသင်းက ပထမပွဲထွက်ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းခေါ်ယူခဲ့တာကတော့ ကလပ်အသင်းငယ်တွေက ကစားသမားတွေများနေတာကြောင့် ပြီးခဲ့တဲ့ ခြေစမ်းပွဲငါးပွဲမှာ တစ်ပွဲသာနိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးမရခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ ပွဲတိုင်းပေးဂိုးရှိခဲ့တာကြောင့် ဗီလာရီးရဲလ်လို တိုက်စစ်ကစားအားကောင်းတဲ့အသင်းကို ပွဲချိန်ပြည့်ဟန့်တားနိုင်မှာ မဟုတ်ပါဘူး။

ဗီလာရီးရဲလ်အသင်းကလဲ အခုအပြောင်းအရွှေ့ကာလမှာ အသင်းက အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ရာသီမှာလဲ ရမှတ် ၇၂ မှတ်ထိ စုဆောင်းနိုင်ခဲ့တာကြောင့် အဆင့် (၃) နေရာကနေ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ နည်းပြဂါစီယာဟာ ပြီးခဲ့တဲ့ရာသီက ပွဲထွက်လူစာရင်းတိုင်း ခြေစမ်းပွဲတွေမှာ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်နေတာကို တွေ့ရမှာပါ။ အဲဒီခြေစမ်းပွဲတွေမှာတော့ ဘင်ဖီကာအသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့ပေမဲ့ ပီအက်စ်ဗွီကို သုံးဂိုးတစ်ဂိုး၊ လီဗန်တေးကို တစ်ဂိုးဂိုးမရှိ၊ ဂါလာတာစာရေးကို နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရထားတဲ့ ခြေစွမ်းပိုင်းကတော့ အားရစရာဖြစ်ပါတယ်။ ဒ့ါပြင် လက်ရှိပြိုင်ဘက် ရေဆင်းအသင်းကလဲ အခုနှစ်မှာ တန်းတက်လာတဲ့ အသင်းဖြစ်တာကြောင့် ဗီလာရီးရဲလ်အသင်းက ဖိအားပေးနိုင်မှာသေချာနေပါတယ်။ ဒါကြောင့် ရေဆင်းအသင်းအနေနဲ့ ခံစစ်ကစားပုံမပြင်နိုင်ရင်တော့ ဗီလာရီးရဲလ်အသင်းတိုက်စစ်ကို ပေးဂိုးများသွားနိုင်တာဖြစ်လို့ အခုပွဲမှာ ဗီလာရီးရဲလ်ရလဒ်ကောင်းမှာပါ။

**ရေဆင်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၁ | ရေဆင်း |
| အိုဆာဆူနာ | ၂ | - | ၀ | ရေဆင်း |
| ရေဆင်း | ၀ | - | ၃ | ဘီလ်ဘာအို |
| ဝုဗ် | ၃ | - | ၀ | ရေဆင်း |
| ရေဆင်း | ၄ | - | ၁ | ဂီဂျွန် |

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၅ | - | ၁ | အေတီကို |
| ဘင်ဖီကာ | ၂ | - | ၀ | ဗီလာရီးရဲလ် |
| ပီအက်စ်ဗွီ | ၁ | - | ၃ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၁ | - | ၀ | လီဗန်တေး |
| ဂါလာတာစာရေး | ၁ | - | ၂ | ဗီလာရီးရဲလ် |

**အက်စ်ပန်ညိုကိုရွေးရမှာပါ**

စပိန်လာလီဂါပွဲစဉ် (၁) ထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ အက်စ်ပန်ညိုနဲ့ လီဗန်တေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့ နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီနှစ်ကြိမ်တွေ့ဆုံမှုမှာ နှစ်ကြိမ်စလုံး သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ တွေ့ဆုံမှုအစဉ်အလာပိုင်းမှာတော့ အက်စ်ပန်ညိုအသင်းက လီဗန်တေးထက် သာနေတာကို တွေ့ရမှာပါ။ အက်စ်ပန်ညိုအသင်းအနေနဲ့ အခုအပြောင်းအရွှေ့မှာ ထိပ်တန်းအဆင့် ကစားသမားမခေါ်နိုင်ပေမဲ့ အသင်းအတွက်လိုအပ်တဲ့ ကစားသမားသစ်တွေကိုတော့ ဆက်တိုက်ခေါ်ယူနေတာဖြစ်ပါတယ်။ လက်ရှိ ခြေစမ်းပွဲငါးပွဲကစားအပြီးမှာတော့ ပွဲတိုင်းကို တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ကိုဗင်ထရီအသင်းတစ်သင်းထဲကို ရှုံးခဲ့တာပါ။ ဒါကြောင့် သူတို့အသင်းဟာ နည်းပြနဲ့ကစားသမားကြားမှာ နားလည်မှုအပြည့်အဝရှိနေပြီး ရာသီအစ အိမ်ကွင်းရလဒ်ကောင်းတဲ့ အက်စ်ပန်ညိုကိုတော့ လီဗန်တေးယှဉ်ကစားနိုင်ဖို့ မလွယ်ပါဘူး။

လီဗန်တေးအသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လာလီဂါကို တန်းပြန်တက်လာခဲ့ပြီး နောက်ပိုင်းမှာ ရလဒ်ပိုင်းဆက်တိုက်ကောင်းမွန်လာတာကြောင့် ရာသီပိတ်သိမ်းချိန်မှာ မာယော့ကာ၊ ဂျီရိုနာအသင်းတို့ကို ကျော်ဖြတ်ပြီး ရမှတ် ၄၂ မှတ်နဲ့ ထိပ်တန်းအဆင့်ပြိုင်ပွဲမှာ ဆက်လက်ကစားခွင့်ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်ရှိနေသလို ရာသီအစခြေစမ်းပွဲကိုလဲ နှစ်ပွဲသာ ကစားခဲ့ပါတယ်။ အဲဒီနှစ်ပွဲမှာလဲ တစ်ပွဲသာနိုင်ပွဲရခဲ့ပြီး ဗီလာရီးရဲလ်အသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့ ကစားပုံဟာ ခြေရည်တူအသင်းတွေနဲ့ဆို ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ပေမဲ့ တိုက်စစ်ကစားအားကောင်းတဲ့အသင်းတွေနဲ့ဆိုရင်တော့ ခံစစ်ပိုင်းက ဂိုးတွေအလွယ်တကူပေးနေရပါတယ်။ ဒ့ါပြင် လက်ရှိ ကစားသမားစုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်းမှာလဲ အက်စ်ပန်ညိုအသင်းက လီဗန်တေးအသင်းထက် သာလွန်နေတာဖြစ်လို့ အခုပွဲမှာ အက်စ်ပန်ညိုတိုက်စစ်ပိုင်းအနေနဲ့ ပွဲချိန်အတွင်း ဂိုးရဖို့များပါတယ်။ အကျောပေးမှုမှာတော့ အက်စ်ပန်ညိုက သရေရလဒ်ဆို အပြည့်ဆုံးရှုံးရမဲ့ အခြေအနေက အိမ်ရှင်မရှုံးနိုင်ဘူးလို့ သုံးသပ်မိတာကြောင့် အက်စ်ပန်ညိုကိုရွေးရမှာပါ။

**အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုလော့ | ၀ | - | ၃ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၄ | - | ၀ | ပါအူ |
| ဘန်လေ | ၂ | - | ၂ | အက်စ်ပန်ညို |
| မစ်ဒယ်ဘရော့ | ၃ | - | ၃ | အက်စ်ပန်ညို |
| ကိုဗင်ထရီ | ၃ | - | ၁ | အက်စ်ပန်ညို |

**လီဗန်တေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၂ | - | ၃ | လီဗန်တေး |
| လီဗန်တေး | ၂ | - | ၀ | မာယော့ကာ |
| ဘက်တစ် | ၂ | - | ၁ | လီဗန်တေး |
| လီဗန်တေး | ၂ | - | ၁ | လီဂါနက်စ် |
| ဗီလာရီးရဲလ် | ၁ | - | ၀ | လီဗန်တေး |

**ပီအက်စ်ဂျီနိုင်ပွဲရမှာပါ**

တနင်္ဂနွေနေ့ည ပြင်သစ်စူပါဖလားဗိုလ်လုပွဲကိုတော့ လန်းစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ လန်းစ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ နည်းပြပီယာရီလက်အောက်မှာ ပုံစံကောင်းရရှိခဲ့တာကြောင့် အမှတ်ပေးပွဲမှာ အဆင့် (၂)နေရာထိ ရောက်ရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုအပြောင်းအရွှေ့မှာတော့ အသင်းက အဓိကကစားသမား ဆန်ဂါရီကို ရောင်းချခဲ့သလို နည်းပြပီယာရီကိုလဲ အသင်းကထွက်ခွာခွင့်ပြုခဲ့တာကြောင့် အဘက်ဘက်က အားနည်းချက်တွေရှိနေတာကို သတိပြုရမှာပါ။ စူပါဖလားပြိုင်ပွဲသမိုင်းမှာတော့ လန်းစ်အသင်းဟာ တစ်ကြိမ်မှ ဆုဖလားမရခဲ့သလို လက်ရှိပြိုင်ဘက် ပီအက်စ်ဂျီအသင်းနဲ့ ထိပ်ဆိုက်တွေ့ဆုံမှု ၁၈ ကြိမ်မှာလဲ နိုင်ပွဲ နှစ်ပွဲသာရခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ပြင်သစ်လီဂူးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းအကောင်းဆုံး၊ ကစားသမားစုဖွဲ့မှုအကောင်းဆုံးအသင်းဖြစ်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ အမှတ်ပေးဆုဖလားနဲ့ ချန်ပီယံလိဂ်ဆုဖလားတို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြအန်းနရစ်လက်အောက်မှာတော့ သူတို့အသင်းဟာ အဓိကဆုဖလားတွေ ဆက်တိုက်ရယူထားနိုင်ခဲ့ပြီး ပြင်သစ်စူပါဖလားပြိုင်ပွဲမှာလဲ နောက်ဆုံးလေးကြိမ်ဆက်ဆုဖလားရယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ နည်းပြအန်းနရစ်ရဲ့ ၄-၃-၃ ကစားကွက်မှာ လူငယ်ကစားသမားတွေဖြစ်တဲ့ ဒူအီ၊ ဘာကိုလာ၊ ဗီတင်ဟာတို့ ခြေစွမ်းပြသနေတာကြောင့် လန်းစ်အသင်းအနေနဲ့ ဒီတိုက်စစ်ကိုထိန်းချုပ်ဖို့ ခံစစ်ကစားသမားကောင်းမရှိတာကြောင့် အခုပွဲမှာ ပေးဂိုးမများဖို့သာ ကြိုးစားရမှာဖြစ်ပါတယ်။ ဒ့ါပြင် ပီအက်စ်ဂျီအသင်းဟာ ကြားရက်က ကစားခဲ့တဲ့ ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲမှာလဲ အေဗီလာအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကြောင့် ယုံကြည်မှုပိုင်းလဲ မြင့်တက်နေတာကိုတွေ့ရမှာပါ။ အကျောပေးမှုကတော့ ပီအက်စ်ဂျီအသင်းက တစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်လောက်ပဲပျော်ခွင့်ရမဲ့အခြေအနေက လန်းစ်အသင်းကို အနည်းဆုံးတစ်ဂိုးသွင်းယူနိုင်မယ်လို့ သုံးသပ်မိတာကြောင့် အခုပွဲမှာ ပီအက်စ်ဂျီပဲနိုင်ပွဲရမှာပါ။

**လန်းစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၀ | - | ၄ | လန်းစ် |
| လန်းစ် | ၃ | - | ၁ | နိုက် |
| လန်းစ် | ၄ | - | ၁ | ဘိုလော့နီ |
| လန်းစ် | ၂ | - | ၂ | ချာလီရို့စ် |
| လန်းစ် | ၀ | - | ၂ | ဆန်းဒါးလန်း |

**ပီအက်စ်ဂျီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲရစ် | ၂ | - | ၁ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၁ | - | ၁ | အာဆင်နယ် |
| မာယော့ကာ | ၃ | - | ၀ | ပီအက်စ်ဂျီ |
| မန်ယူ | ၁ | - | ၁ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၂ | - | ၁ | အေဗီလာ |

# ပြည်သူကို ဗဟိုပြုသော အိန္ဒိယ၏ သံတမန်ရေးရာ

ယခင်ကာလက သံတမန်ရေးရာကို နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများအပေါ်၌သာ အဓိကဇောင်းပေးသည့် နှစ်နိုင်ငံဆက်ဆံရေး ဆောင်ရွက်ချက်တစ်ခုအဖြစ်သာ နားလည်ထားခဲ့ကြသည်။ သို့သော်လည်း ယခုရာစုနှစ်သို့ရောက်ရှိလာချိန်တွင် ကမ္ဘာလုံးဆိုင်ရာဆက်နွယ်မှုများ၊ လျင်မြန်သော သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့် လူပုဂ္ဂိုလ်များ ပိုမို ကူးလူးသွားလာနိုင်မှုတို့ကြောင့် မြေပြင်ပကတိအခြေအနေများ လွန်စွာပြောင်းလဲသွားခဲ့ပြီး သံတမန်ရေးရာ၏ အတိုင်းအတာနှင့် နယ်ပယ်ကိုလည်း မဏ္ဍိုင်သစ်များဆီသို့ တိုးချဲ့ပြောင်းလဲစေခဲ့သည်။ အိန္ဒိယနိုင်ငံသည်လည်း ဤပြောင်းလဲမှု၏ ရိုက်ခတ်မှုကို လွှဲမရှောင်သာ ကြုံတွေ့ခဲ့ရပြီး ပြည်သူကို ဗဟိုပြုသော သံတမန်ရေးရာကို အဓိကအဖြစ်ထားရှိသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ဤမူဝါဒသည် မိမိနိုင်ငံသားများ၏ ကောင်းကျိုး၊ လုံခြုံရေးနှင့် အကျိုးစီးပွားတို့ကို အဓိကဗဟိုချက်အဖြစ်ထားရှိကာ အိန္ဒိယနိုင်ငံသားများကို ပြင်ပဆက်ဆံရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာစေခဲ့ပြီး တစ်ဆက်တည်းမှာပင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနကိုလည်း မိမိနိုင်ငံသားများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်သော ဝန်ကြီးဌာနတစ်ခု ဖြစ်လာစေခဲ့သည်။

**ဤမူဝါဒ မည်သို့စတင်ဖွံ့ဖြိုးတိုးတက်လာသနည်း။**

လွန်ခဲ့သည့် ရာစုနှစ်မကုန်မီအချိန်ထိ ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ (NRIs) နှင့် အိန္ဒိယနွယ်ဖွားများသည် မိမိတို့၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက်သာ ပြည်ပသို့ထွက်ခွာသွားကြသူများဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် တစ်စုံတစ်ရာ ထိရောက်စွာ ပံ့ပိုးပေးနိုင်ခြင်းမရှိသူများဟု ယူဆခြင်းခံခဲ့ရသဖြင့် အစိုးရ၏မူဝါဒများတွင် နေရာမရရှိခဲ့ကြပေ။ သို့သော်လည်း ယခုရာစုနှစ်အစတွင် ထိုပြည်ပရောက် အိန္ဒိယနိုင်ငံသားများသည် မိမိတို့၏ မူလမိခင်နိုင်ငံသို့ ငွေလွှဲပို့ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းများဖြင့် မိခင်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုရုံမျှမက ၎င်းတို့နေထိုင်ရာ နိုင်ငံများ၏ အစိုးရအဖွဲ့များတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြကြောင်း သတိပြုမိလာကြသည်။ ပြည်ပရောက် အိန္ဒိယလူမျိုးများ၏ အရေးပါမှုကို ကြည့်မည်ဆိုပါက လက်ရှိတွင် လူဦးရေ ၃၅ ဒသမ ၄ သန်းကျော် (ဩစတြေးလျနှင့် နယူးဇီလန်နှစ်နိုင်ငံ စုစုပေါင်းလူဦးရေထက် ပိုမိုများပြားသော ပမာဏ) ရှိပြီး လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယ နိုင်ငံသို့အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၄၆ ဘီလီယံ ပေးပို့ခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနွယ်ဖွားအများအပြားသည် ၎င်းတို့ရောက်ရှိရာ နိုင်ငံများ၏ အသိပညာရှင်၊ အတတ်ပညာရှင် အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များတွင် အရေးပါသော ရာထူးနေရာများသို့ ရောက်ရှိလာခဲ့ကြရာ ၎င်းတို့သည် အိန္ဒိယ၏ နိုင်ငံခြားရေးမူဝါဒ တွက်ချက်မှုများတွင် လွန်စွာအရေးပါကြောင်း ပေါ်လွင်စေခဲ့သည်။ နောက်ပိုင်းတွင် အိန္ဒိယအစိုးရသည် ဤမျှများပြားသော အရည်အချင်းနှင့် သယံဇာတအရင်းအမြစ်ကြီးကို ပိုမိုအလေးဂရုပြုလာခဲ့သည်။ နှစ်စဉ် ကျင်းပသော "(Pravasi Sammelan – ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ ညီလာခံ)နှင့် "(Pravasi Awards) တို့သည် ပြည်ပရောက် ထင်ရှားသော အိန္ဒိယနွယ်ဖွားများနှင့် ဆက်သွယ်ထိတွေ့မှုကို ပိုမိုအားကောင်းလာစေခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနသည် အလုပ်အကိုင်၊ စီးပွားရေး သို့မဟုတ် ပညာရေးအတွက် ပြည်ပသို့သွားရောက်သည့် အိန္ဒိယနိုင်ငံသားများ၏ သုခနှင့်အကျိုးစီးပွားကို အာမခံနိုင်ရန် အစီအစဉ်များစွာကို စတင်ဆောင်ရွက်ခဲ့သည်။

**ပြည်သူကို ဗဟိုပြုသော သံတမန်ရေးရာ၏ အဓိက အင်္ဂါရပ်များ**

ဤအစီအစဉ်များသည် နိုင်ငံကူးလက်မှတ် (Passport) လျှောက်ထားခြင်းမှသည် ဗီဇာ၊ ခရီးသွားလာရေး၊ ဘေးကင်းစွာနေထိုင်ရေးနှင့် အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့ထိ လွှမ်းခြုံထားသည်။ ပြည်ပသို့ ထွက်ခွာလိုသည့် အိန္ဒိယနိုင်ငံသားအရေအတွက် တိုးတက်လာသည်နှင့်အမျှ အစိုးရသည် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ရုံးသစ်များ၊ ခရိုင်အားလုံးတွင် လျှောက်လွှာလက်ခံရေး စခန်းများကိုဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းစဉ်များကိုဒီဂျစ်တယ်စနစ်သို့ပြောင်းလဲကာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုကို လွယ်ကူစေရန် အပြည်ပြည်ဆိုင်ရာ လေဆိပ်များကို ပိုမိုဖွင့်လှစ်ပေးခဲ့သည်။ ပြည်ပမထွက်မီ အသိပညာပေးခြင်းနှင့်သင်တန်းပေးခြင်း (PDOT) အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ၏ ကျန်းမာရေးအာမခံအတွက် "Pravasi Bhartiya Bima Yojna"အစီအစဉ်ကိုစတင်ခဲ့သည်။ အိန္ဒိယလုပ်သားများ၏ လုပ်ငန်းခွင်ပတ်ဝန်းကျင် ကောင်းမွန်စေရန်အတွက် နိုင်ငံပေါင်း ရှစ်နိုင်ငံနှင့် ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ကူးလူးသွားလာခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ၊ နိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် လူမှုဖူလုံရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။ စည်းမျဉ်းစည်းကမ်းများကို သိရှိနိုင်ရန် "e-migrate" အက်ပလီကေးရှင်းကို လွှင့်တင်ခဲ့သည်။ ဘာသာစကားမျိုးစုံဖြင့် အကူအညီပေးသော "MADAD" ပေါ်တယ်လ်သည် အကူအညီလိုသည့် အိန္ဒိယနိုင်ငံသားများကို ၂၄ နာရီပတ်လုံး ကူညီပေးလျက်ရှိသည်။ ၎င်းစနစ်သည် အလုပ်အကိုင်ဗီဇာများ၊ အလုပ်ရှင်၏ အခြေအနေနှင့် လုပ်သားလောင်းများအား ပေးအပ်ထားသည့် အာမခံလွှမ်းခြုံမှုများကိုလည်း စိစစ်ပေးသည်။ အစိုးရသည် ပြည်ပရောက် အိန္ဒိယနိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သံရုံးနှင့် ကောင်စစ်ဝန်ရုံးများကို ပိုမိုဖွင့်လှစ်ခဲ့သည်။ ထိုနယ်မြေအတွင်း နေထိုင်သော အိန္ဒိယနိုင်ငံသားများ၏ ကောင်းကျိုးအတွက် ကောင်စစ်ဝန်ဌာနခွဲမှ သီးခြားခွဲထွက်ထားသော "အိန္ဒိယလူမှုအသိုက်အဝန်းဌာနခွဲ" ကို ထူထောင်ခဲ့သည်။ အရေးပေါ်အခြေအနေများတွင် ခက်ခဲဒုက္ခရောက်နေသော၊ သောင်တင်နေသော အိန္ဒိယနိုင်ငံသားများအတွက် ယာယီခိုလှုံရာ နေရာများ၊ ဥပဒေကြောင်းဆိုင်ရာ အကူအညီများနှင့် အိန္ဒိယသို့ပြန်ရန် လေယာဉ်လက်မှတ်များ ပေးအပ်ကူညီနိုင်ရန် ပြည်ပရှိ မစ်ရှင်များနှင့် သံရုံးများအားလုံးတွင် "အိန္ဒိယအသိုက်အဝန်း လူမှုဖူလုံရေးရန်ပုံငွေ" ကို ထူထောင်ထားသည်။ ထို့အပြင် အိန္ဒိယသံရုံးများတွင် ပြည်သူများ၏ လိုအပ်ချက်နှင့်တင်ပြချက်စကားများကို တိုက်ရိုက်ဆွေးနွေး နိုင်ရန် "Open House" များကို ပုံမှန်ကျင်းပပေးလျက်ရှိသည်။ အစိုးရသည် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့် ဒေသများတွင် သောင်တင်နေသော အိန္ဒိယနိုင်ငံသားများအတွက် အောင်မြင်သော ကယ်ဆယ်ရေးလုပ်ငန်းစဉ်များစွာကို လုပ်ဆောင်ခဲ့သည်။ ယူကရိန်း၊ တောင်ဆူဒန်နှင့် ယီမင်တို့သည် လတ်တလော ဆောင်ရွက်ခဲ့သည့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်အချို့ ဖြစ်ကြသည်။

**စိန်ခေါ်မှုများ**

ပြည်သူကိုဗဟိုပြုသော သံတမန်ရေးရာတွင်လည်း ၎င်း၏စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ထွက်ခွာသည့် အိန္ဒိယနိုင်ငံသားအရေအတွက် တိုးတက်လာခြင်းသည် ဝန်ထမ်းနှင့် လိုအပ်သည့်အရင်းအမြစ်နည်းပါးမှုဒဏ်ကို ခံနေရပြီးဖြစ်သော ပြည်ပရှိ အိန္ဒိယသံရုံး၊ မစ်ရှင်များအပေါ် ဝန်ထုပ်ဝန်ပိုးကြီးမားစေသည်။ စစ်မက်ဖြစ်ပွားနေသည့်နိုင်ငံများတွင် မတည်ငြိမ်သောအခြေအနေများကြောင့် အိန္ဒိယအသိုက်အဝန်းကို ထိရောက်စွာ ကူညီပေးရန်ခက်ခဲစေသည်။ ထို့ပြင် ပွဲစားများ၏ သတင်းအချက်အလက် အမှားပေးမှုများ၊ လူမှုကွန်ရက်ပေါ်ရှိသတင်းမှားများနှင့်ဒေသတွင်း မတူညီသောဥပဒေစနစ်များသည် ပြဿနာများကို ပိုမိုရှုပ်ထွေးစေသည်။

**ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများ**

ပြည်ပရှိ အိန္ဒိယသံရုံးများထံတွင် လုံလောက်သော ဝန်ထမ်းနှင့် ရန်ပုံငွေများကို ခွဲဝေပေးခြင်း၊ ထိုနေရာများသို့မစေလွှတ်မီ သင့်လျော်သောသင်တန်းများပေးအပ်ခြင်းတို့ဖြင့် စိန်ခေါ်မှုများကို လျှော့ချနိုင်သည်။ ပြည်ပသို့ အလုပ်အကိုင် သို့မဟုတ် ပညာရေးအတွက် သွားရောက်မည့် အိန္ဒိယနိုင်ငံသားတိုင်းအတွက် ပြည်ပမထွက်မီ အသိပညာပေးစခန်းများ တက်ရောက်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပြီး ထိုအိန္ဒိယနိုင်ငံသားများအား လမ်းမှားရောက်အောင်လှည့်ဖြားနေသည့် ပွဲစားများကို နှိမ်နင်းရန်မှာ လွန်စွာလိုအပ်သည်။

**နိဂုံး**

ကျွန်ုပ်တို့၏ သံတမန်ရေးရာတွင် ပြည်သူများ၏ အရေးပါမှုကို နောက်ဆုံး၌ အသိအမှတ်ပြုလာကြပြီး အစိုးရအနေဖြင့် ၎င်းတို့၏ပြဿနာများကို ဦးတည်ချက်ရှိရှိ အပြုသဘောဆောင်သည့် သဘောထားဖြင့် ဖြေရှင်းပေးနေသည်မှာ ဝမ်းမြောက်ဖွယ်ရာဖြစ်ပါသည်။ အရင်းအမြစ်များကို ပိုမိုခွဲဝေပေးခြင်းနှင့် ပွဲစားများကို ထိရောက်စွာအရေးယူခြင်းတို့ဖြင့် ကျွန်ုပ်တို့၏ ပြည်သူကိုဗဟိုပြုသော သံတမန်ရေးရာသည် ပိုမိုကောင်းမွန်သော အသီးအပွင့်များကို ဧကန်မလွဲ ရရှိခံစားရမည်ဖြစ်ပါသည်။

သံအမတ်ကြီး ဂျေတန္ဒရာ ကူးမားရ် ထရီပသီ(ငြိမ်း)
Ambassador Jeitendra Kumar Tripathi (Retd.)

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၈၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေးဝ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၈၁၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၆၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၈၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ စပါး ၁၈၆၃၅ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧက ၂၈၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင် က ပြောပြသည်။ (၂၀၆)

# စိတ်ပျော်ရွှင်စရာ အငြိမ့်တော်မင်္ဂလာ သက်ကြီးအငြိမ့်ဖျော်ဖြေပွဲကို ပန်းဘဲတန်းမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီးတွင် ပြုလုပ်မည်ဖြစ်




ရန်ကုန် ဩဂုတ် ၁၄

သဘင်သက်ကြီးအနုပညာရှင်ကြီးများပါဝင်သည့် စိတ်ပျော်ရွှင်စရာ အငြိမ့်တော်မင်္ဂလာ သက်ကြီးအငြိမ့်ဖျော်ဖြေပွဲကို ဩဂုတ် ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီး၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း အငြိမ့်မင်းသမီး ကျားလေးစိန်ထံမှ သိရသည်။

အဆိုပါ စိတ်ပျော်ရွှင်စရာ အငြိမ့်တော်မင်္ဂလာ သက်ကြီးအငြိမ့်ဖျော်ဖြေပွဲတွင် ဝါရင့်အငြိမ့်မင်းသမီးကြီး ကျားလေးစိန်နှင့်အတူ လူရွှင်တော်ကြီး ဦးမိုးဒီ၊ ဦးတိမ်ညွန့်၊ ဦးပေါ်လေးနှင့် ဦးစံမိုးတို့က ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဗိုဗိုဆင့် မင်္ဂလာဆိုင်းတော်ကြီးနှင့် ဂီတမှူး ကေဘီထက်အောင် ဂီတအဖွဲ့က အကောင်းဆုံး ပွဲပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သဘင်သက်ကြီး အနုပညာရှင်ကြီးတွေရဲ့ အငြိမ့်ဖျော်ဖြေပွဲကို အသစ်ပြန်လည် ဖွင့်လှစ်လိုက်တဲ့ ဝဇီရာကဇာတ်ရုံကြီးမှာ ဩဂုတ် ၂၁ ရက်ညမှာ အငြိမ့်သမားစဉ်အတိုင်း သီဆိုကပြဖျော်ဖြေတင်ဆက်ပေးမှာဖြစ်ပါတယ်။ ဟာသသက်ကြီးပညာရှင်တွေရဲ့ ဟာသခန်းတွေနဲ့အတူ ကျားကျားရဲ့ အငြိမ့်ခန်းကိုလဲ မခိုမကပ်ဘဲ အငြိမ့်ခွင်ကုန်တဲ့ထိ ကပြဖျော်ဖြေတင်ဆက်သွားမှာဖြစ်တဲ့အတွက် အငြိမ့်ချစ်သူတွေ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု အငြိမ့်မင်းသမီး ကျားလေးစိန်က ပြောပြသည်။

အဆိုပါ အငြိမ့်ဖျော်ဖြေပွဲကို ဝဇီရာကဇာတ်ရုံကြီး၌ ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီမှ ည ၈ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လတတိယပတ်တွင် ရုံတင်ပြသမည်ဖြစ်

ရန်ကုန် ဩဂုတ် ၁၄

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ တတိယပတ်တွင် နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ကျွန်မနဲ့မောင်ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်ထားသူ သရုပ်ဆောင် မိုးဟေကိုထံမှ သိရသည်။

ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ရွှေရေးထင်ထင်၏ ဝတ္ထုဇာတ်လမ်းကို မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"မိန်းမသားတွေဟာ ဘယ်လောက် ခံနိုင်ရည်ရှိတယ်ပဲပြောပြော ယောကျ်ားတွေရဲ့တစ်ဇွတ်ထိုးတတ်တဲ့မာယာတွေထဲမှာ သနားအဲဒီကနေ စခဲ့တာပါ။ မိန်းမသားပြီး နောက်ဆုံးတော့ ပိတ်မိခဲ့ရတော့တာပါပဲ။ ကျွန်မနဲ့မောင်ဟာ




တစ်ယောက်ရဲ့အချစ်၊ သနားစိတ်နဲ့ မာနတို့ကြား လွန်ဆွဲရပုံတွေကို အနုပညာပြကွက်အပြည့်နဲ့ ကြည့်ရှုရမဲ့ ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသတော့မှာမို့ ရင်ခုန်စွာစောင့်မျှော်ကြည့်ရှုကြပါအုံးလို့ ပြောချင်ပါတယ်"ဟု အဆိုပါ ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် မိုးဟေကိုက ပြောပြသည်။

အဆိုပါ ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ခွန်းညာ၊ မင်းသူ၊ ဟိန်းသန့်ဇေ၊ မင်းအာကာ၊ ရှင်ရဲထွဋ်၊ မိုးဟေကို၊ မေသန်းနု၊ မေသရဝဏ်၊ စုဝတီကျော်၊ ပေါက်စီနှင့် အနုပညာရှင်များစွာပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# တေးသံရှင်ဖိုးကာ၏ မှားချင်နေသောသူများအတွက် တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၁၄

တေးသံရှင် ဖိုးကာ၏ မှားချင်နေသောသူများအတွက် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon–THOR Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖိုးကာထံမှ သိရသည်။

တေးသံရှင် ဖိုးကာ၏ မှားချင်နေသောသူများအတွက် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဖိုးကာ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band ကလည်း အကောင်းဆုံးပွဲပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၁၈ ရက်မှာ THOR Bar မှာ Daily Gita Band နဲ့အတူတူ အကောင်းဆုံးဖျော်ဖြေပေးသွားဖို့ ရှိပါတယ်။ ပရိသတ်အကြိုက် သီချင်းပေါင်းများစွာကို Daily Gita Band ရဲ့ တီးခတ်မှုနဲ့အတူ တဝကြီးသီဆိုဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ မမူးဘဲမှားချင်နေတဲ့သူတွေကော၊ မူးပြီးမှားမဲ့သူတွေကော၊ ဘယ်လိုဖြစ်ဖြစ်မှားဖို့အဓိက ဆိုသူတွေကော အားလုံးအတူတူ မှားကြဖို့အတွက် THOR Bar မှာဆုံကြဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဖိုးကာက ပြောပြသည်။

THOR Bar တွင် ပြုလုပ်မည့် တေးသံရှင် ဖိုးကာ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီတွင် စတင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Scapegoat လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂျက်ကော့အယ်လော်ဒီ ပါဝင်မည်

နယူးယောက် ဩဂုတ် ၁၄

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Scapegoat အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂျက်ကော့အယ်လော်ဒီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

Scapegoat ဇာတ်ကားတွင် မင်းသား ဂျက်ကော့အယ်လော်ဒီသည် မင်းသမီး စကားလက်ဂျိုဟာန်ဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Scapegoat ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Scapegoat ဇာတ်ကားကို ဒါရိုက်တာ အာရီအက်စတာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Scapegoat ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ အာရီအက်စတာကပင် တာဝန်ယူရေးသားပေးထားသည်။

မင်းသား ဂျက်ကော့အယ်လော်ဒီသည် Frankenstein ဇာတ်ကားဖြင့် အော်စကာဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Drifter ဇာတ်ကားသစ်၌ သရုပ်ဆောင်လေးဦး ပါဝင်သရုပ်ဆောင်နေ

နယူးယောက် ဩဂုတ် ၁၄

Drifter အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဒါးမော့မာရွန်နီ၊ ရောဘတ်နက်ပါ၊ ရုပ်ပါ စတစ်ကီဖင်းဂတ်နှင့် မင်းသမီး ကိတ်ဘက်ကင်ဆေးတို့ ပါဝင်သရုပ်ဆောင်နေကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

Drifter ဇာတ်ကားသည် လျှို့ဝှက်သည့် ခြေသလုံးအိမ်တိုင်တစ်ဦးကို ဖမ်းဆီးခဲ့ပြီးနောက် အမျိုးသမီး ရဲအရာရှိတစ်ဦး ကြုံတွေ့ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Drifter ဇာတ်ကားကို အိုဟိုင်းအိုးပြည်နယ် အရှေ့မြောက်ပိုင်း၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Drifter ဇာတ်ကားကို ဒါရိုက်တာ ရန်းဒဲအမ်းမက်က တာဝန်ယူရိုက်ကူးနေပြီး အဆိုပါဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို ၎င်းကပင် တာဝန်ယူရေးသားပေးထားသည်။

ဒါရိုက်တာ ရန်းဒဲအမ်းမက်သည် ယခုနှစ် ဇူလိုင် ၂၈ ရက်က ရုံတင်ခဲ့သော The Gentleman Thief ဇာတ်ကားကို ရိုက်ကူးပေးထားသူဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Press Statement on Myanmar's ongoing efforts on repatriation of displaced persons from Rakhine State

## (15 August 2026, Nay Pyi Taw)

Global news media have presented different accounts of displaced persons from Rakhine State, and "the boat people" migrating to other countries, as well as those living in camps in Cox's Bazar, Bangladesh. It is observed that these reports, publications, and broadcasts are one-sided and based on misinformation and disinformation. Therefore, Myanmar wishes to clarify the true account of displaced persons from Rakhine State as follows:

The reality on the ground regarding displaced persons from northern Rakhine State was that in October and November 2016 and in August 2017, the ARSA terrorist group carried out simultaneous and coordinated attacks on police outposts and battalions in northern Rakhine State. In addition, the terrorist group carried out killings of civil servants and local ethnic people. In a defensive response, the Tatmadaw had to undertake counter-terrorism measures. As a result of the threats and attacks by the ARSA terrorist group, local ethnic people fled to other towns and villages, while a large number of Bengalis crossed over to Bangladesh.

According to the records, more than 740,000 Bengalis resided in Buthidaung, Maungdaw and Rathedaung townships in Rakhine State prior to the ARSA terrorist attacks. Following the incidents, more than 200,000 Bengalis remained in these areas whereas more than 540,000 Bengalis fled to Bangladesh. Based on these figures, the narrative referring to more than one million displaced persons from Rakhine State has been found to be inaccurate.

In order to repatriate the displaced persons, Myanmar concluded three bilateral agreements with Bangladesh within two months. In accordance with these agreements, Myanmar made necessary arrangements to receive the displaced persons on three occasions — on 23 January 2018 as agreed in the Arrangement, on 15 November 2018 as agreed at the Joint Working Group meeting, and on 22 August 2019 following notification from China and Bangladesh. However, none of the displaced persons returned to Myanmar on the three occasions.

Of the list of 828,824 displaced persons provided by Bangladesh, Myanmar had verified 426,545 individuals as of 31 July 2026. Among those verified, 308,797 individuals were found to be former residents of Rakhine State, whereas 4,241 individuals were found to have been involved in terrorist activities, while the data of 113,507 individuals could not be verified.

In light of the figures mentioned above, Myanmar expresses its concern over allegations that all individuals residing in the camps in Bangladesh are from Myanmar. Myanmar categorically rejects the expression and allegations that "the boat people" and other persons who have arrived in other countries, using a nomenclature that falsely claims an ethnic identity which has never existed in Myanmar, originated from Myanmar.

Due to the immigration checks conducted in 1978, 1991 and 1992, some Bengalis from Rakhine State fled to Bangladesh. However, as per bilateral agreements between the two countries, Myanmar had successfully received 186,968 displaced persons between 1978 and 1979, and 236,495 displaced persons between 1992 and 2005.

Myanmar has made every effort with genuine goodwill for expeditious repatriation of verified displaced persons who had resided in Rakhine State. In preparation for receiving them under a Pilot Project, Myanmar organized one "Come-and-See" visit to Rakhine State, two "Go-and-Talk" visits to Bangladesh, two visits by Myanmar delegations to Bangladesh for in-person verification process and two diplomatic tours to observe the preparations for the Pilot Project.

In the spirit of good neighbourliness, Myanmar will continue to cooperate with Bangladesh to facilitate the voluntary return of verified displaced persons in a safe and dignified manner. The repatriation of displaced persons is a matter to be resolved between the two countries. Therefore, Myanmar is deeply displeased with the wrong portrayal of the issue as an international issue. Myanmar will continue to cooperate constructively with friendly countries with regard to the repatriation of displaced persons.

Myanmar will receive the displaced persons who have been verified as former residents of Rakhine State when the security situation in Rakhine State becomes more stable.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated, 15 August 2026**

# Myinmu Township to grow more than 1,000 acres of rainfed paddy this year



**A vast stretch of monsoon paddy fields.**

**Myinmu August 14**

Myinmu Township Agriculture Department stated that local farmers decided to grow more than 1,000 acres of rainfed paddy as monsoon crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Myinmu Township has set a target of cultivating 12,138 acres of rainfed monsoon paddy. Planting began in July this year, and 1,212 acres have been planted so far.

"This year, more than 12,000 acres of monsoon paddy are targeted for cultivation in Myinmu Township. More than 1,000 acres have already been planted as of today. We are making arrangements to ensure that the targeted acreage is fully cultivated. The necessary agricultural technologies and quality seeds will be provided for monsoon paddy cultivation. We are also conducting field activities to help farmers plant their monsoon paddy in a timely manner," said U Soe Paing, Head of the Township Agriculture Department in Myinmu Township.

During this year's monsoon crop season, the Township Agriculture Department and local farmers are working together to ensure that monsoon paddy is cultivated systematically and without difficulties.

In Myinmu Township, farmers cultivating monsoon paddy are being provided with agricultural technical guidance and awareness on preventing pest infestations, minimizing crop damage and losses, and ensuring that harvested paddy is transported under proper shelter in a timely manner.

This year, staff members from the Township Agriculture Department are conducting field activities to provide farmers with agricultural technical guidance aimed at ensuring successful growth and good yields of monsoon paddy. These activities include selecting and cultivating quality seeds, monitoring for pest infestations, puddling and weeding, removing off-type plants, and systematic broadcasting of fertilizers. 206

# Large volume of dried spiny eels sent to Yangon market in July

**Myaungmya August 14**

Local merchants from Myaungmya Township of Ayeyawady Region shipped a large volume of dried spiny eels to Yangon market in July, said Daw Kyu Khaing, the owner of fish-paste and dried fish trading in Myaungmya Township.

Fish-drying and trading businesses in Myaungmya Township are purchasing locally produced fresh spiny eels and systematically drying them for export and sale. During June, a total of only 35,000 viss of dried spiny eels could be exported and sold, while as many as 52,000 viss of dried spiny eels were sold in July.

"Last month, sales of dried spiny eels to the Yangon market were strong. We were able to export and sell a large volume of dried spiny eels within a single month because demand from the Yangon market has increased. The dried spiny eel business creates employment opportunities for local people. As orders for dried fish have increased, everyone involved in the dried spiny eel business and related activities has benefited," said Daw Kyu Khaing.

Locally produced dried spiny eels exported and sold from Myaungmya Township to the Yangon market are currently priced at K45,000 to K58,000 per viss. The increased volume of dried fish being exported and sold from the area has benefited dried-fish business owners, fishermen and dried-fish workers.

Kyaw Kyaw Lin

# Pwintbyu Township to grow more than 50,000 acres of chickpea this year



A thriving chickpea plantation.

**Pwintbyu August 14**

Local authorities have earmarked cultivation of 56,051 acres of chicpea as cold season crops in Pwintbyu Township of Magway Region this year, according to the Township Agriculture Department.

In Pwintbyu Township, 56,051 acres of chickpea are planned to be cultivated during the winter crop season, with planting scheduled to begin in October this year. To improve crop yields, efforts will be made to ensure that farmers have access to quality and pure seeds, along with agricultural extension services and technical knowledge.

"This year, a total of 56,051 acres of chickpea are planned to be cultivated in Pwintbyu Township during the winter crop season. Field activities will be carried out to ensure that the targeted acreage is fully cultivated. In order to improve the yield and quality of chickpea and other pulses, we will work together with farmers to provide the necessary quality and pure seeds, agricultural inputs and technical knowledge. In addition, support will be provided to ensure sufficient irrigation water, proper cultivation methods and the availability of required seeds," said Daw Moe Moe Wai, Head of the Township Agriculture Department in Pwintbyu Township.

During the winter crop season in Pwintbyu Township, the Township Agriculture Department will support chickpea growers in expanding the cultivation of Yezin-8 and Yezin-11 varieties, which are well suited to local conditions and produce good yields. Farmers will also be provided with agricultural extension services on cultivation in accordance with Good Agricultural Practices (GAP), systematic use of fertilizers and agricultural inputs, and prevention and control of pests and diseases.

If chickpea is cultivated to achieve higher yields and better quality, it will not only meet local consumption needs but also generate income by selling surplus production. This will contribute to improving the socioeconomic well-being of local communities. Therefore, farmers should strive to expand chickpea cultivation, said Daw Moe Moe Wai.

Ye Win Naing (NyaungU)

# YeU Township completes cultivation of more than 1,000 acres of vegetables

**YeU August 14**

Local farmers have so far planted more than 1,000 acres of vegetables as monsoon crops in YeU Township of Sagaing Region, according to the township Department of Agriculture.

During the 2026-2027 monsoon crop season, YeU Township has set a target of cultivating 3,500 acres of vegetables. Vegetable cultivation began in May this year, and 1,605 acres have been planted so far.

"This year, more than 3,000 acres of vegetables are targeted for cultivation in YeU Township during the monsoon crop season. More than 1,000 acres have already been planted as of today. We are making arrangements to ensure that the targeted acreage is fully cultivated. The vegetables include mustard greens, chilli, spices, potato, cabbage, eggplant and cauliflower. Farmers are being provided with technical assistance so that all vegetables can be cultivated in accordance with Good Agricultural Practices (GAP). They are also being given technical guidance on cultivating all vegetables in a way that minimizes chemical residues and ensures that the produce is safe and healthy," said Daw Aye Nyein Thant, Head of the Township Agriculture Department in YeU Township.

This year, the Township Agriculture Department is providing vegetable growers in YeU Township with technical training on GAP-compliant cultivation, as well as technical guidance to ensure that vegetables produced from their farms are safe and suitable for consumption. Efforts are also being made to encourage farmers to expand vegetable cultivation.

Various seasonal vegetables are cultivated annually in YeU Township. As the vegetable crops grown by farmers are thriving successfully, they are generating income for their families. The Township Agriculture Department is also providing farmers who plan to grow vegetables with awareness-raising and technical guidance on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

206

# More than 28,000 acres of croplands placed under groundnut plants in Kani Township

**Kani August 14**

Statistics of Kani Township Agriculture Department stated that local farmers grew 28,710 acres of groundnut as monsoon crops in Kani Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Kani Township has set a target of cultivating 29,390 acres of groundnut. Planting began in May this year, and local farmers have planted 28,710 acres of crops so far.

"This year, more than 29,000 acres of groundnut were targeted for cultivation in Kani Township during the monsoon crop season, and more than 28,000 acres have already been planted. We are also making arrangements to ensure that the targeted acreage is fully cultivated. Groundnut, as an oilseed crop, is performing well, and its cultivation has been increasing year by year," said Daw Saw Thandar Nwe, Head of the Township Agriculture Department in Kani Township.

In Kani Township, about one and a half baskets of seed are required to cultivate one acre of groundnut. The total cost, including seed, labour, fertilizer and pesticides, is more than K200,000 per acre. An average yield of more than 50 baskets per acre can be obtained.

This year, staff members from the Township Agriculture Department have been conducting field inspections of groundnut plantations to ensure successful crop growth, prevent pest and disease infestations, and keep the fields free of weeds. They have also been carrying out field monitoring and maintaining surveillance records.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mingin Township sees completion of growing more than 4,000 acres of rainfed sesame

**Mingin August 14**

Agricultural data compiled by Mingin Township Agriculture Department stated that local farmers planted 4,459 acres of rainfed sesame as monsoon crops in Mingin Township of Sagaing Region this year.

During the 2026-2027 monsoon crop season, authorities from Mingin Township have earmarked cultivation of 21,257 acres of rainfed sesame. Planting began in May this year, and 4,459 acres have been planted so far against the target cultivation.

"This year, more than 21,000 acres of rainfed sesame were targeted for cultivation in Mingin Township during the monsoon crop season, and 4,459 acres have already been planted. We are also making arrangements to ensure that the targeted acreage is fully cultivated. Efforts are being made to expand sesame cultivation, improve yields and promote cultivation in accordance with Good Agricultural Practices (GAP)," said U Shan Oat Keim, Head of the Township Agriculture Department in Mingin Township.

This year, the Township Agriculture Department is providing rainfed sesame growers in Mingin Township with awareness-raising and technical guidance on expanding sesame cultivation, applying proper cultivation methods and GAP practices, and using quality and pure seeds as well as high-yielding varieties.

Crops produced in accordance with GAP have better quality and can command higher prices than those cultivated using other methods. They also have the advantage of being marketable not only in domestic markets but also in overseas markets. Therefore, farmers who adopt GAP practices can gain greater economic benefits, which will contribute to improvements in their socioeconomic well-being.

206

# တရုတ်နိုင်ငံက ဂြိုဟ်တုအချက်ပြမလိုဘဲ ဟိုက်ပါဆောနစ်လက်နက်များကို လမ်းညွှန်ထိန်းကျောင်းနိုင်မည့်စနစ် တီထွင်



တရုတ်နိုင်ငံသည် စစ်မြေပြင်တွင် ဂြိုဟ်တုအချက်ပြစနစ်များ မလိုဘဲ ဟိုက်ပါဆောနစ် (Hypersonic)လက်နက်များကို လမ်းညွှန်ထိန်းကျောင်းပေးနိုင်မည့် ကြယ်တာရာကြည့်လမ်းညွှန်စနစ်ကို အောင်မြင်စွာတီထွင်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂွမ်ဒေါင်း လေကြောင်းနှင့် အာကာသသုတေသနအဖွဲ့ (Guangdong Aerospace Research Academy) မှ သုတေသနပညာရှင်များသည် ယခုစီမံကိန်းကို ကျွမ်းကျင်သူများ၏ အကဲဖြတ်စစ်ဆေးမှုအပြီး ဩဂုတ် ၁၀ ရက်တွင် တရားဝင်သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုနည်းပညာသည် ဟိုက်ပါဆောနစ်လက်နက်များ၏ အဓိကအားနည်းချက်တစ်ခုဖြစ်သော စစ်မြေပြင်တွင် ရန်သူက အမေရိကန်၏ GPS စနစ် သို့မဟုတ် တရုတ်၏ Beidou ဂြိုဟ်တု လမ်းညွှန်စနစ်များကို အီလက်ထရွန်နစ် နှောင့်ယှက်မှု (Jamming) ပြုလုပ်လိုက်ပါက လမ်းကြောင်းပျောက်သွားနိုင်သည့် ပြဿနာကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ကြယ်တာရာကြည့် လမ်းညွှန်စနစ်သည် ရာစုနှစ်များစွာကတည်းက တည်ရှိခဲ့သော ကောင်းကင်ယံရှိ ကြယ်များ၏တည်နေရာကို မှီသေကိုးကား၍ လမ်းကြောင်းရှာသည့်စနစ်ဖြစ်သော်လည်း အသံထက် ငါးဆကျော် မြန်သော ဟိုက်ပါဆောနစ် ပျံသန်းမှုများတွင်မူ ဆန်းသစ်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

အသံထက် ငါးဆကျော် မြန်သော ပျံသန်းမှုနှုန်းဖြင့် လေထုအတွင်း ထိုးခွဲပျံသန်းစဉ် လေထုနှင့် ပြင်းထန်စွာပွတ်တိုက်မှုကြောင့် လေယာဉ်၊ ဒုံးပျံ၏ပတ်ဝန်းကျင်တွင် အလွန်ပူပြင်းသည့် ဓာတ်ငွေ့အလွှာ(Hot Gas Layer)တစ်ခု ဖြစ်ပေါ်လာလေ့ရှိသည်။ ထိုပူပြင်းသည့် အလွှာသည် အပြင်ဘက်မှလာသော ကြယ်ရောင်များကို ပုံရိပ်ပျက်ယွင်းစေသည့်အပြင် ၎င်းမှ ထွက်ပေါ်လာသည့် ပြင်းထန်သော ရောင်ခြည်ဖြာထွက်မှုများ(Radiation)ကြောင့် အာရုံခံမှန်ဘီလူးများက ကြယ်များ၏အလင်းရောင်ကို ပီပြင်စွာ ထောက်လှမ်းနိုင်ခြင်း မရှိတော့ပေ။

တရုတ်သုတေသနအဖွဲ့သည် အဆိုပါပြဿနာကိုဖြေရှင်းရန် ပူပြင်းသည့်လေထုရောင်ခြည်ဖြာထွက်မှုနှင့် အပူချိန်နှောင့်ယှက်မှုဆိုင်ရာ ဒေတာဘေ့စ်များ ပြုစုခဲ့ကြပြီး စက်ပစ္စည်းများ ပုံဖော်ပေးနိုင်သည့် ဆော့ဖ်ဝဲလ်စနစ်များကို အသစ်တီထွင်ခဲ့ကြသည်။ ၎င်းတို့၏ ကွန်ပျူတာဖြင့် စတူဒီယို စမ်းသပ်မှုများအရ ပူပြင်းသည့်လေထုကြောင့် ကြယ်များ၏ပုံရိပ် မည်သို့ပြောင်းလဲသွားနိုင်သည်ကို စိစစ်တွက်ချက်နိုင်ခဲ့ပြီး ထိုအချက်အလက်များကို အခြေခံ၍ ပြင်းထန်သော ရောင်ခြည်ဖြာထွက်မှုအောက်တွင် အလုပ်လုပ်နိုင်သည့် ကြယ်တာရာကြည့် အာရုံခံကိရိယာ ရှေ့ပြေးနမူနာ (Prototype Star Sensor) ကို ထုတ်လုပ်နိုင်ခဲ့သည်။

စမ်းသပ်မှုများအရ ပြင်းထန်သော လေထုနှောင့်ယှက်မှုမရှိချိန်တွင် အဆိုပါ အာရုံခံကိရိယာသည် ကြယ်များ၏ ပုံသေနိမိတ်ပုံများကို ၉၉ ရာခိုင်နှုန်းကျော် အထိ တိကျစွာ ခွဲခြားဖော်ထုတ်နိုင်ခဲ့သည်။ အပူချိန်နှင့် လေထုပွတ်တိုက်မှု အလွန်ပြင်းထန်သည့် စိန်ခေါ်မှုများ အောက်တွင်မူ တိကျမှု လျော့ကျသွားခဲ့သော်လည်း ကြယ်တာရာ ပုံသေနိမိတ်များကို ၈၀ ရာခိုင်နှုန်းကျော်ထိ ဆက်လက်ခွဲခြားသိရှိနိုင်ဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် အဆိုပါစနစ်သည် ယာဉ်၏ တည်ရှိပုံနှင့်ဦးတည်ချက် တိုင်းတာမှု တိကျရေးအတွက် ငါးအာ့ခ်စက္ကန့် (5 arcseconds) အောက်ထိ တိကျစွာ တိုင်းတာပေးနိုင်ခဲ့သည်။ စက္ကန့်ပိုင်းအတွင်း အကွာအဝေး မြင့်မားစွာပျံသန်းနေသည့် ဟိုက်ပါဆောနစ်လက်နက်များအတွက် လမ်းကြောင်းပြတိကျမှု အနည်းငယ် လွဲမှားရုံမျှဖြင့် ပစ်မှတ်နှင့် မိုင်ပေါင်းများစွာ ဝေးကွာသွားနိုင်သဖြင့် ယခုကဲ့သို့ စက္ကန့်ပိုင်း မိုက်ခရိုအဆင့် တိကျမှုရရှိခြင်းသည် အလွန်အရေးပါသည်။

ယခု တီထွင်လိုက်သော ကြယ်တာရာကြည့် လမ်းညွှန်စနစ်သည် လက်ရှိအသုံးပြုနေသော Inertial Navigation System – INS (တစ်ဟုန်ထိုးလမ်းညွှန်စနစ်) များကို အစားထိုးမည်မဟုတ်ဘဲ ဂြိုဟ်တုအချက်ပြစနစ်များ အလုပ်မလုပ်တော့သည့် အရေးပေါ်အချိန်များတွင် ပေါင်းစပ်အသုံးပြုနိုင်မည့် အပိုဆောင်းအရန်လမ်းညွှန်စနစ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်သုတေသနအဖွဲ့၏ ဖော်ပြချက်အရ ယခုတီထွင်လိုက်သော ရောင်ခြည်ဖြာထွက်မှုဆိုင်ရာ နည်းပညာများကို စစ်ဘက်ဆိုင်ရာတွင်တင်မကဘဲ လေယာဉ်အင်ဂျင်စမ်းသပ်မှုများနှင့် စက်မှုလုပ်ငန်းသုံး မီးလောင်ကျွမ်းမှု စောင့်ကြည့်ရေးစနစ်များတွင်ပါ ထည့်သွင်းအသုံးပြုလျက်ရှိသည်။

တရုတ်၏ နည်းပညာအောင်မြင်မှုသည် စစ်မြေပြင်တွင် အီလက်ထရွန်နစ်စစ်ဆင်ရေး(EW)များကြောင့် ပုံမှန်လမ်းညွှန်စနစ်များ ပျက်စီးသွားချိန်၌ပင် အသံထက်မြန်သော ဟိုက်ပါဆောနစ်လက်နက်များကို ပစ်မှတ်ဆီသို့ တိကျစွာ ရောက်ရှိစေရေးအတွက် ကြီးမားသည့် အားသာချက်တစ်ရပ်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**China’s Mach 5+ hypersonic weapons turn to stars for navigation when GPS signals fail** ကို ဘာသာပြန်ဆိုထားပါသည်။

# ဂျပန်နိုင်ငံ E-2D ကင်းထောက်လေယာဉ်နှင့် ဖိလစ်ပိုင် FA-50 တိုက်လေယာဉ်တို့ ပူးတွဲလေ့ကျင့်ပျံသန်းခဲ့

ဂျပန်နိုင်ငံ လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JASDF)သည် ၎င်း၏ E–2D Advanced Hawkeye လေကြောင်းကြိုတင်သတိပေးရေးနှင့် ကင်းထောက်လေယာဉ်ကို ဖိလစ်ပိုင်နိုင်ငံ FA–50 တိုက်လေယာဉ်နှင့်ပူးတွဲ၍ ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင် လေပိုင်နက်အတွင်း လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ E–2D လေယာဉ်သည် ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်ခန်းပြုလုပ်မှုအပြီး ပြန်လည်ထွက်ခွာလာစဉ် ယခုကဲ့သို့ အတူပူးပေါင်းပျံသန်းခဲ့ကြခြင်းဖြစ်သည်။ ဤပျံသန်းမှုသည် မဟာဗျူဟာမြောက် အရေးပါသော အင်ဒို–ပစိဖိတ် စကြံတစ်လျှောက် ဂျပန်၏ ဝေဟင်ကင်းလှည့်မှုနှင့် စောစီးစွာကြိုတင်သတိပေးနိုင်မှု စွမ်းရည်ကို ဖိလစ်ပိုင်၏ ရှေ့တန်းကျကျ တိုက်လေယာဉ်များနှင့် တွဲဖက်ပေးလိုက်ခြင်းဖြင့် ဒေသတွင်း လေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခဲ့ခြင်းလည်းဖြစ်သည်။

E–2D လေယာဉ်သည် ဩစတြေးလျသို့ အသွားခရီးစဉ်ကလည်း ဖိလစ်ပိုင်သို့ ပထမဆုံးအကြိမ် ခေတ္တ ဝင်ရောက်ရပ်နားခဲ့သည်။ ယခု အပြန်ခရီးစဉ်တွင် ပူးတွဲပျံသန်းမှုပါ ထပ်မံပြုလုပ်လိုက်ခြင်းကြောင့် ဂျပန်၊ ဖိလစ်ပိုင်နှင့် ဩစတြေးလျ မြောက်ပိုင်းတို့ကို ချိတ်ဆက်ထားနိုင်မည့် စစ်ဆင်ရေးနယ်ပယ်တစ်ခုအဖြစ် ပိုမိုပေါ်လွင်ထင်ရှားလာစေခဲ့သည်။

ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JASDF) ၏ E–2D Advanced Hawkeye လေယာဉ်သည် ရိုးရိုးလေကြောင်း ကြိုတင်သတိပေးလေယာဉ်တစ်စင်းအဖြစ်သာမက ဂျပန်နိုင်ငံ၏ ဝေဟင်ကာကွယ်ရေးတွင် အလွန်အရေးပါသောကဏ္ဍမှ ပါဝင်လာခဲ့သည်။ အကြောင်းမှာ ၎င်းတွင် စွမ်းအားမြင့် ရေဒါ၊ စစ်မြေပြင်သုံး ဆက်သွယ်ရေးစနစ်များနှင့် ရေဒီယိုလိုင်းမျိုးစုံ တပ်ဆင်ထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် E–2D သည် စစ်မြေပြင်တစ်ခုလုံး၏ အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်ပေးနိုင်သကဲ့သို့ နေရာခွဲဖြန့်ထားသော တပ်ရင်း၊ တပ်ဖွဲ့များကိုလည်း ဗဟိုမှကွပ်ကဲကြီးကြပ်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။



E–2D ကဲ့သို့သော လေယာဉ်မျိုးကို ဖိလစ်ပိုင်၏ FA–50 တိုက်လေယာဉ်များနှင့် အတူတကွ ပျံသန်းစေခြင်းသည် မတူညီသော လေယာဉ်နှစ်မျိုး ပုံမှန်အုပ်စုဖွဲ့ပျံသန်းရုံမျှမကဘဲ ပိုမိုလေးနက်သည့် အဓိပ္ပာယ်ရှိသည်။ စစ်နည်းဗျူဟာအရ ၎င်းသည် အာရုံခံကိရိယာမှ ပစ်ခတ်သူထံ တိုက်ရိုက် ချိတ်ဆက်သည့်စနစ် (Sensor-to-Shooter Relationship) ၏ အခြေခံအုတ်မြစ်ကို စတင်တည်ဆောက်လိုက်ခြင်းဖြစ်သည်။ အကြောင်းမှာ ဝေဟင်ကင်းလှည့် လေယာဉ်တစ်စင်းသည် နည်းဗျူဟာမြောက် တိုက်လေယာဉ်များ၏ ကိုယ်ပိုင်ရေဒါများ မမြင်နိုင်သည့် ပိုမိုကျယ်ပြန့်သော စစ်မြေပြင်ပုံရိပ်များကို ကူညီထောက်လှမ်းပေးနိုင်သောကြောင့်ဖြစ်ကြောင်း သိရသည်။

**Japan’s E–2D Links Australia and the Philippines in an Emerging Indo–Pacific Air Defense Network** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၃၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၃၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၅၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၉၀၅၉၄ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၅၅၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇွန်လအတွင်းက ငါးသလဲထိုး ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုးတစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ဒီဘက်ကနေ ငါးသလဲထိုးတွေ အပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိက



တင်ပို့ရောင်းချနေတာပါ။ ငါးသလဲထိုးတွေကို လက်ရှိလဲ ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လဲ မှာယူဖို့ ချိတ်ဆက်နေပါတယ်" မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ တင်ပို့မှုကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရေနံချောင်းမြို့နယ် ဘူးကျွန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘူးကျွန်းကျေးရွာအုပ်စု ဘူးကျွန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ဘူးကျွန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၆၂ သန်းဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘူးကျွန်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄၅ ဦးကို ငွေကျပ် ၃၇ ဒသမ ၈၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၇ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၆၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နော်လူး




# ဇီးကုန်းမြို့နယ် ထန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း



**ဇီးကုန်း ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် ခံစားခွင့်များကို ကဏ္ဍတစ်ခုချင်း အလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်လိုသူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

ကိုညို



# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၅/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြုခဲ့သည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခြောက်ခုကိုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် နှစ်ခုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် သုံးခုကိုလည်းကောင်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် တစ်ခုကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၄ သန်းနှင့် ကျပ် ၁၁၇၈၇၃၁ ဒသမ ၈၂၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၃၆ ကိုဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများမှာ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာအကောင်အထည်ဖော် တည်ဆောက်ရောင်းချငှားရမ်းခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် ကုန်တင်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီး၊သုံးဘီးမော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ထော်လာဂျီယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူသုံးကုန်လျှပ်စစ်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊CMP စနစ်ဖြင့် ပလတ်စတစ်ပြားနှင့် ပလတ်စတစ်ဘူးခွံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖိနပ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၄၈ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)တို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း



မန္တလေး ဩဂုတ် ၁၄

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေ၊ ဆည်ရေမြင့်တက်မှုများဖြစ်ပေါ်ခဲ့ရာ ရေများဝင်ရောက်ခဲ့သည့်နေရာဒေသများမှ ရေဘေးသင့်ပြည်သူများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်လျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ယနေ့မွန်းလွဲပိုင်းတွင် စေတနာရှင်အလှူရှင်များကအလှူငွေများကိုလှူဒါန်းရာ အလှူရှင်များဖြစ်သည့်ဒေါက်တာစောလင်း+ဒေါက်တာကြူကြူအေးမိသားစုက ငွေကျပ်သိန်း ၅၀၀၊ ဦးအောင်စိုး(Mစတီးလုပ်ငန်း)က ငွေကျပ်သိန်း ၃၀၀၊ဦးကျော်စိန်(ဟန်စတီးပါဝါ သံမဏိစက်ရုံ)က ငွေကျပ်သိန်း ၃၀၀ တို့ကိုလှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားရာတွင် ပေးသွင်းရမည့်နှုန်းထားများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး၊ စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားရာ၌ ဌာနမှသတ်မှတ်ချက်ဖြင့် ကိုက်ညီသောလျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခ အပါအဝင် ပေးသွင်းရမည့်နှုန်းထားသည် ယခင်အတိုင်းပြောင်းလဲခြင်းမရှိဘဲ အောက်ပါအတိုင်းပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိမ်သုံးမီတာ - ၂၅၀၀၀၀ ကျပ်
(ခ) အိမ်သုံးပါဝါမီတာ (10 kW) - ၁၀၀၀၀၀၀ ကျပ်
(ဂ) အိမ်သုံးပါဝါမီတာ (20 kW) - ၁၂၃၀၀၀၀ ကျပ်
(ဃ) အိမ်သုံးပါဝါမီတာ (30 kW) - ၁၄၆၀၀၀၀ ကျပ်
(င) စက်မှုသုံးပါဝါမီတာ (10 kW) - ၁၀၇၇၅၀၀ ကျပ်
(စ) စက်မှုသုံးပါဝါမီတာ (20 kW) - ၁၃၈၂၅၀၀ ကျပ်
(ဆ) စက်မှုသုံးပါဝါမီတာ (30 kW) - ၁၆၈၇၅၀၀ ကျပ်

၃။ သိရှိလိုသည်များမေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(ရုံးချုပ်) - ၀၆၇-၃၄၁၀၄၆၀
(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) - ၁၇၁၇
(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) - ၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

# တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်

ကျိုင်းတုံ ဩဂုတ် ၁၄

တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အနေဖြင့် ခရိုင်ရုံးခွဲများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများတိုးချဲ့ဖွင့်လှစ်ရန် နိုင်ငံတော်က “မူ”အားဖြင့် ခွင့်ပြုပြီးဖြစ်သဖြင့် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ထို့ပြင် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုများကို ရှိရင်းစွဲမူလလက်ရာကို မထိခိုက်စေရန် အထူးသတိပြုကြရန်၊ စည်းမျဉ်းများသတ်မှတ်ထားကြရန်၊ လူနည်းစုတိုင်းရင်းသားများ၏ လူမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ တိကျမှန်ကန်စွာပြုစုထိန်းသိမ်းထားကြရန် မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဂုံရှမ်း၊ ရှမ်းကြီး၊ တိုင်းနေ၊ တိုင်းလိ၊ လွယ်၊ ပလောင်၊ ‘ဝ’၊ လီဆူ၊ အားခေါ၊ အာခါ၊ အဲန်၊ ဗမာနှင့် လားဟူ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များက တိုင်းရင်းသားလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းရင်းသားဒေသများတွင် ရိုးရာပွဲတော်များကျင်းပရာ၌ ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ဒေသခံတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်အတွက် ယဉ်ကျေးမှုဖလှယ်နိုင်မည့် အစီအစဉ်များ စီစဉ်ပေးရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့၏ အခက်အခဲများကို ဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်မှားယွင်းဖော်ပြထားမှုများကို ပြင်ဆင်ပေးနိုင်ရေး၊ ဝေးလံခေါင်သီသည့် ကျေးရွာများတွင် လမ်း၊ တံတားများ ဖောက်လုပ်ပေးရေးနှင့် ပြင်ဆင်ပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။




အဆိုပါတွေ့ဆုံပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နိုင်ငံတော်၏အနာဂတ်ကြယ်ပွင့်လေးများဖြစ်ကြသော မျိုးဆက်သစ်ကျောင်းသားလူငယ်မောင်မယ်များကို ကျောင်းတက်ချိန် ကျောင်းပြင်ပဗဟုသုတရရှိစေရန် လေ့လာရေးအဖြစ် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကို သိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကိုကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏နိုင်ငံတော်နှင့်တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်ရည်မှန်းချက်များကို သိရှိစေရန်၊မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ တပ်မတော်၏သမိုင်းဝင်စစ်လက်နက်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျထိတွေ့ခံစားမှု အတွေ့အကြုံများရရှိစေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်၊ ကျောင်းသားတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနာယူမှုစွမ်းရည်ကိုတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (သစ်တပ်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့်ပစ္စည်းများ၊ ခေတ်အဆက်ဆက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဓာတ်ပုံများနှင့်ရုပ်တုများကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြခန်းတွင် ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ်မြန်မာ့ရေတပ်မတော်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက်တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကို လည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်းများ၊လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများကို လေ့လာကြပြီး ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)









ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

# မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ ကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူ များကြား အပြန်အလှန်ခရီးသွားလာမှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ၏ ခရီးသွားနေရာ များနှင့်ပတ်သက်သည့် သတင်းအချက် အလက်များ၊ ဓာတ်ပုံနှင့် ဗီဒီယိုများ ဖလှယ်ရေးတို့ကို ဟိုတယ်၊ခရီးသွားလာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ယနေ့တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဘယ်လာရုစ် ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ကမ်းခြေဒေသများနှင့် အခြားထင်ရှား သော ခရီးသွားနေရာများကို ဘယ်လာရုစ် ပြည်သူများ ပိုမိုသိရှိလာစေရန် သတင်း အချက်အလက်များ ဖြန့်ဝေပေးရန်လိုအပ် ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကြား ဗီဇာကင်းလွတ်ခွင့်များ ရရှိလာပြီဖြစ်၍ မင့်စ်-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီး စဉ်ရှိလာပါက ဘယ်လာရုစ်နိုင်ငံမှ ခရီး သွားများ မြန်မာနိုင်ငံသို့လာရောက်ရန် ပိုမိုလွယ်ကူမည်ဖြစ်ပြီး Tour Operator များအနေဖြင့် ခရီးစဉ်များကိုပိုမိုထိရောက် စွာ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။


အလားတူ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ကမ်းခြေခရီးသွားလုပ်ငန်း အပြင် တောင်တက်ခရီးစဉ်များ၊ စွန့်စား ခရီးသွားလုပ်ငန်းများနှင့် အင်းလေးဒေသ ကဲ့သို့ ထူးခြားသည့်ခရီးသွားအတွေ့ အကြုံများရရှိနိုင်သည့် နေရာများစွာရှိ ကြောင်း၊ မြန်မာနိုင်ငံ၏ထင်ရှားသော ခရီးသွားနေရာများနှင့် ယဉ်ကျေးမှု၊ သဘာဝအလှအပများကို ဖော်ပြထားသည့် ဗီဒီယိုနှင့်ဓာတ်ပုံများကို ဘယ်လာရုစ် နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့်ဖြန့်ဝေ၍ ဘယ်လာရုစ်ပြည်သူများနှင့် Tour Operator များ ပိုမိုသိရှိလာစေရေးဆောင်ရွက် ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရုံးအမှတ်(၃၅) လေ့ကျင့်ရေးကဇာတ်ရုံ၌ အနုပညာဦးစီး ဌာနမှ အနုပညာရှင်ဝန်ထမ်းများက ဝတ်စုံပြည့်ကပြဖျော်ဖြေတင်ဆက်သည့် “မေတ္တာရွှေစောင်း ဓမ္မရသဇာတ်တော် ကြီး”ကို ကြည့်ရှုအားပေးပြီး ပါဝင်ကပြ ဖျော်ဖြေခဲ့သည့် အနုပညာရှင်ဝန်ထမ်းများ ကို ဂုဏ်ပြုစကားပြောကြား၍ တက် ရောက်လာကြသည့် ပညာရှင်ကြီးများက အကြံဉာဏ်များ၊ လိုအပ်သည်များကို ဖြည့်စွက်အကြံပြုခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**❑ လေးမျက်နှာမြို့မှ**

ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့ထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများ၊ ပတ်ဝန်း ကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ် ရပ်ကွက် လေးခု၊ ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငသိုင်း ချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော် မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ပတ်ဝန်းကျင် ကျေးရွာ ကိုးရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ် ရပ်ကွက် နှစ်ခု၊ ကျေးရွာ နှစ်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၁၉၉ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွား ခဲ့သည်။





**အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းတို့ဆောင်ရွက်စဉ်။**

ထို့ကြောင့် အနောက်တောင်တိုင်းစစ် ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများစုပေါင်း၍ ရေဘေး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများကို ရှာဖွေ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင် ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးခြင်း၊ ဝေနပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေန ပန်းတာရေဝင်လမ်းကို(Geobags) အိတ် များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ **(၅၀၁)**

**◆ မိုးထစ်ချုန်းရွာမည်မှ**

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ ပြီး ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည် နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အနောက် ဘင်္ဂလားပြည်နယ်ကုန်းတွင်းပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း နှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ် နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော် ထားသည်။ **(မိုး/ဇလ)**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(တိုင်းဒေသကြီးအဆင့်) အထိမ်းအမှတ်အခမ်းအနားကျင်းပ




မန္တလေး ဩဂုတ် ၁၄

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (တိုင်းဒေသကြီးအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် နီးနွယ်အဖွဲ့အစည်းများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ကျောင်းသူများက "အဓိကမြော်တွေး ကျန်းမာရေး" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သီဆိုဖျော်ဖြေခဲ့ကြသည့်အဖွဲ့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းငယ်များ၊ ကျောင်းသား၊ကျောင်းသူတစ်ဦးချင်းစီ၏ ကျန်းမာရေးစစ်ဆေးမှုများ၊ ဖီးကြမ်းငှက်ပျောသီး၊ ကြက်ဥ၊ သီးစုံပဲဟင်း စုံလင်စွာပါဝင်သည့် ကျောင်းတွင်းအာဟာရဖြည့်စွက်စာကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး Grade-6 မှ Grade-12 ထိ ကျောင်းသား၊ ကျောင်းသူများကို ဗီတာမင်အေဆေး၊ သန်ချဆေး၊ သံဓာတ်အားဆေးပြားများ တိုက်ကျွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ဖလမ်းခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း ဩဂုတ် ၁၄

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၏ အနီးကပ်ဦးဆောင်ကြီးကြပ်မှုဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းခရိုင်နှင့်မြို့နယ်ရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများကို ဒေသခံကုမ္ပဏီများက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မြို့တော်ခန်းမပြန်လည်ပြုပြင်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသား၊ကျောင်းသူများကို အာဟာရတိုက်ကျွေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ တီးတိန်မြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် မြို့တွင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေးအတွက် တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် ကော်မတီဝင်များသည် မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး ပျက်စီးမှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မရပ်ကွက်ရှိ Dr. Vungh Suan Thang(ဝုန်ဆွမ်းထန်)လမ်း ရေစီးရေလာကောင်းမွန်စေရေး မြောင်းဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ လိန်တုန်လမ်းနှင့် လွီးစုလမ်းသန့်ရှင်းသာယာလှပရေး ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့အတူ တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်ရုံး(အသစ်) ပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း၏ ကျောင်းသားအိပ်ဆောင်ပြုပြင်ခြင်း၊ လျှပ်စစ်ရုံး၏ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

ဘင်္ဂါလီလူဦးရေ ၅၄၀၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်ဘက်သို့ နေရပ်စွန့်ခွာသွားခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ ယင်းစိစစ်ချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ တစ်သန်းကျော်ရှိသည်ဟု ပြောကြားနေမှုများမှာ မှားယွင်းကြောင်း ထင်ရှားပါသည်။

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်လအတွင်း၌ နှစ်နိုင်ငံသဘောတူစာချုပ် သုံးခုချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့်အညီ လက်ခံရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တစ်ကြိမ်၊ ပူးတွဲလုပ်ငန်းအဖွဲ့ သဘောတူညီချက်အရ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် တစ်ကြိမ်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်၏ အကြောင်းကြားချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် စီစဉ်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းမရှိခဲ့ပါ။

ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ နေရပ်စွန့်ခွာသူများစာရင်းအဖြစ် လူဦးရေအမည်စာရင်း ၈၂၈၈၂၄ ဦး ပေးပို့ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်ထိ အမည်စာရင်း ၄၂၆၅၄၅ ဦးကို စိစစ်ခဲ့ပြီးဖြစ်သည်။ စိစစ်ချက်အရ ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၃၀၈၇၉၇ ဦး၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူ ၄၂၄၁ ဦးနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြောင်းအထောက်အထားမတွေ့ရှိရသူ ၁၁၃၅၀၇ ဦး စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ယင်းကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ် စခန်းများတွင် နေထိုင်သူအားလုံးကို မြန်မာနိုင်ငံမှ လာရောက်သူဟု စွပ်စွဲပြောဆိုချက်များအပေါ် စိုးရိမ်မကင်းဖြစ်မိပါသည်။ အလားတူပင် လေ့စီးဒုက္ခသည်များနှင့် အခြားနိုင်ငံများသို့ မြန်မာနိုင်ငံတွင် မရှိသည့် လူမျိုးအမည်ဖြင့် ရောက်ရှိနေသူများကို မြန်မာနိုင်ငံမှဟု စွပ်စွဲဖော်ပြနေခြင်းများကို ပြတ်သားစွာကန့်ကွက်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈၊ ၁၉၉၁၊ ၁၉၉၂ ခုနှစ်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထားစစ်ဆေးစိစစ်သည့် လုပ်ငန်းစဉ်များကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာခဲ့သူ ဘင်္ဂါလီများကို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်ကြား နှစ်နိုင်ငံ သဘောတူညီချက်များဖြင့် အောင်မြင်စွာ ပြန်လည်လက်ခံနိုင်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများကို ၁၉၇၈-၁၉၇၉ ခုနှစ်များအတွင်း ၁၈၆၉၆၈ ဦး၊ ၁၉၉၂-၂၀၀၅ ခုနှစ်များအတွင်း ၂၃၆၄၉၅ ဦး ပြန်လည်လက်ခံခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံနိုင်ရန် စိတ်ဆန္ဒမှန်ဖြင့်ကြိုးပမ်းခဲ့ရာ ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့်လက်ခံနိုင်ရေး ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့် Come-and-See ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် Go-and-Talk ခရီးစဉ် နှစ်ကြိမ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့သွားရောက်သည့် မျက်မြင်စစ်ဆေးခြင်းခရီးစဉ် နှစ်ကြိမ်၊ Pilot Project အတွက် ပြင်ဆင်ထားမှုကို သံတမန်များအားပြသသည့် ခရီးစဉ်နှစ်ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအစိုးရက စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း စိတ်ဓာတ်အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာ ပုံဖော်နေမှုအပေါ် စိတ်မသက်မသာဖြစ်ရပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများနှင့်လည်း အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ နေထိုင်ခဲ့ဖူးကြောင်း စိစစ်ပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများကို ရခိုင်ပြည်နယ်၏လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာပါက မြန်မာနိုင်ငံအနေဖြင့် ညှိနှိုင်းကာ ပြန်လည်လက်ခံသွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်**

**■ ဖူဆယ်ပြိုင်ပွဲမှ**

ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကျင်းပခဲ့ရာ တစ်ဦးချင်းအကောင်းဆုံးကစားသမားဆု၊အသန့်ရှင်းဆုံး အသင်းဆုတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ပြီး ပူးတွဲတတိယဆုရရှိသည့်အသင်းများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတို့က ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ်သိန်း ၅၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် အမျိုးသားတံခွန်စိုက်ဆုဖလားတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

STA



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်မှုထမ်း သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။

### ❖ သင်တန်းဆင်းပွဲမှ

နယ်မြေခံ သင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ် စောင့်ရှောက်လိုသည့်စိတ်အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်ရခဲ့တဲ့ ဆုကတော့ စစ်ရေးပြထူးချွန်ဆုဖြစ်ပါတယ်။ ဒီဆုကို ရဖို့ဆိုတာကတော့ သင်တန်းက နည်းပြဆရာတွေသင်ပေးတဲ့ဟာကို သေချာလိုက်နာပြီး အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားပြီး ဒီဆုကိုယူခဲ့တာဖြစ်ပါတယ်။ ဒီစစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းလိုက်တာကောင်းပါတယ်ဗျ။ အခြားနိုင်ငံတွေမှာလဲ စာမျက်နှာ ၂၁ သို့

### ⚐ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ

ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏ဆန္ဒကိုဖြည့်ဆည်းပေးနိုင်ရေး လွှတ်တော်မှ ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံပါလီမန်များ ညီလာခံ(AIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova က ဘယ်လာရုစ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်အားထားရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးအတွက် မိမိတို့ပါတီပိုင်းအနေဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ◐ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၁၄- ၈ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

စာမျက်နှာ ၂၀ မှအဆက်

ကိုယ့်နိုင်ငံကာကွယ်ဖို့အတွက် ပြည်သူ တစ်ယောက်အနေနဲ့ လုပ်ဆောင်နေတဲ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာလဲ လူငယ်တွေက နိုင်ငံကိုကာကွယ်ဖို့အတွက် အခွင့်အရေးတစ်ခုပေးလိုက်တဲ့ ပုံစံမျိုး ပါပဲ။ သင်တန်းဆင်းခဲ့ကြတဲ့ ညီအစ်ကို တွေဆိုရင် ကျွန်တော်တို့ ဒီမှာသုံးလတာ ကာလအတူတူဖြတ်သန်းခဲ့ပြီး နောက်ထပ် ကျန်တဲ့ နှစ်နှစ်မှာတော့ တပ်ရင်းဌာန အသီးသီးမှာ တာဝန်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ဘယ်နေရာဘယ်ဒေသ ရောက်ရောက် ကျန်းမာရေးဂရုစိုက်ဖို့၊ အစစအရာရာ အားလုံးဂရုစိုက်ဖို့အတွက် မှာချင်ပါတယ်။ ကျွန်တော် ဒီသင်တန်း ဆင်းပြီးပြီဆိုတော့ တပ်ရင်းဌာနတွေ ရောက်ရင် အထက်ကပေးလာတဲ့ အမိန့်နဲ့ တာဝန်ကို ကောင်းကောင်းမွန်မွန်နဲ့ ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ နိုင်ငံတော်နဲ့ တပ်မတော်က အားကိုး အားထားပြုရတဲ့ စစ်သားကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွား ပါမယ်လို့ ကျွန်တော်ခံယူထားပါတယ်”ဟု ပြောသည်။

”ကျွန်တော်ရရှိတဲ့ ဆုကတော့ လက်ဖြောင့်တပ်သားဆုပါ။ နိုင်ငံသား ကောင်းတစ်ယောက်အနေနဲ့ မိမိ တာဝန်ကို ကျေပွန်ချင်တာလဲ အဓိက ပါတာပေါ့နော်။ အတွေ့အကြုံတွေကတော့ အများကြီးပဲ။ သင်တန်းဆိုတော့ ကျွန်တော်တို့ မျိုးစုံကြုံရတာပေါ့။ စိတ်ဓာတ်စည်းကမ်းနဲ့ ပတ်သက်လို့ ကတော့ကောင်းပါတယ်။ အချိန်ကို လေးစားတတ်လာတယ်။ အများနဲ့အတူ ယှဉ်တွဲပြီးတော့မှ လုပ်ဆောင်တတ်လာ တယ်။ အချင်းချင်း နားလည်မှုတွေ စာနာမှုတွေ အတူတူ ဘယ်လိုစုပေါင်း ချီတတ်ကြမလဲ အဓိကက အဲ့ဒါတွေ အရေးကြီးပါတယ်။ ကျွန်တော်သင်တန်း ကဆင်းပြီးရင်တော့ မိမိကျရာတာဝန်ကို အရင်ဆုံး ကျေပွန်အောင်ထမ်းဆောင် မယ်။ နှစ်နှစ်ဆိုတဲ့အချိန်က ခဏပါပဲ။ ဒီကာလတွေ ကျော်လွန်ပြီးဆုံးသွားပြီ ဆိုရင်တော့ မိမိလိုချင်တဲ့ ပန်းတိုင်တွေ ဖြစ်တဲ့ ပြည်တွင်းက ဌာနအလုပ်တွေမှာ ပဲဝင်မလား၊ လုပ်ငန်းမျိုးစုံနဲ့ မိမိသွားလိုတဲ့ နေရာတွေကို လွယ်လွယ်ကူကူနဲ့ သွားလို့ လာလို့ရပြီပေါ့။ နိုင်ငံတွက် မိမိတာဝန် တစ်ခု ထမ်းဆောင်ပြီးခဲ့သလို မိမိ လိုချင်တဲ့ သွားချင်တဲ့နေရာကိုလဲ သွားနိုင် ပြီ။ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီးတော့ တာဝန်ကိုထမ်းဆောင် ပြီးသွားပြီဆိုရင် စိတ်သက်သောင့်သက်သာနဲ့ အိမ်ပြန်လို့ ရပြီပေါ့နော်”ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့ စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေး ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့ စစ်မှုထမ်းသင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။






## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သက်သာသော အတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တို့မှ တစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**(က) MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် ၅၀ သန်းထိ
- အလတ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် ၁၀၀ သန်းထိ
- CGI စနစ်ဖြင့် ထုတ်ချေးခြင်း – ကျပ် ၅၀ သန်းထိ

(မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ သုံးခု၊ ပြည်တွင်းပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီ ခြောက်ခုတို့မှ ဆောင်ရွက်ပေးမည်။)

**( ခ ) ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး ( ၃၀ ရာခိုင်နှုန်း )နှင့်အထက် အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး သုံးနှစ်၊ အတိုးနှုန်း – သုံးရာခိုင်နှုန်း
- လှည့်ပတ်ငွေ (Working Capital) (၁၀၀ ရာခိုင်နှုန်း) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး တစ်နှစ် ခြောက်လ၊ အတိုးနှုန်း – လေးရာခိုင်နှုန်း
- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း – ငါးရာခိုင်နှုန်း

(CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ငါးရာခိုင်နှုန်းအပြင် ချေးငွေအာမခံ (CGI ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

**( ဂ ) ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- မြေနှင့် အဆောက်အအုံ၊
- စက်၊ ယာဉ်ယန္တရား၊
- ငွေစုလက်မှတ်၊
- အစိုးရငွေတိုက်စာချုပ်၊
- စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ချေးငွေအာမခံ Credit Guarantee ။

**(ဃ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)မြေ၊ (၃)(ခ)မြေ၊ လယ (၃၀)(က) (ခ)မြေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

**( င ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အအုံအမျိုးအစား**

- ကွန်ကရစ်တိုက် (RC)၊ အုတ်ညှပ်အဆောက်အအုံ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက်အဆောက်အအုံ၊ Steel Structure၊ ခြောက်ထပ်နှင့်အထက် ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance – CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ငွေကျပ် သန်း ၅၀ ထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသည့် လက်နက်၊ ခဲယမ်းများကို လိုက်လံကြည့်ရှုစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ဦးရေ ၂၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ရှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား လေးဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-4 သေနတ် သုံးလက်၊ BA-63 သေနတ် တစ်လက်၊ အီနာဂါဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၂ တောင့်၊ ၇ ဒသမ ၆၂ မမကျည် အတောင့် ၁၄၀၊ ကိုးလုံးကျည် ၁၃ တောင့်နှင့် ကျည်အိမ် ငါးခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ခုနစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ အီနာဂါဗုံးသီး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ လက်ပစ်ဗုံး သုံးလုံးအတွက် ဆုကြေး ငွေကျပ် ကိုးသိန်းနှင့် အလင်းဝင်ရောက်လာသူ ဦးရေ၂၀ ကို တစ်ဦးလျှင် ဆုကြေးငွေကျပ် နှစ်သိန်းစီဖြင့် ငွေကျပ် သိန်း ၄၀ စုစုပေါင်း ဆုကြေးငွေ ၄၀၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များ အတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်







အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

"အလင်းဝင်ရောက်ဖို့ ဆုံးဖြတ်ခဲ့တဲ့ အဓိက အကြောင်းရင်းက ခေါင်းဆောင်ပိုင်းတွေလဲ မကြိုက်တာပါတာပေါ့။ ကြီးနိုင်ငယ်ညှဉ်းတွေရော ပြီးတော့ သူတို့ လုပ်ရပ်တွေ မမှန်တာတွေကြောင့်လဲ ပါပါတယ်။ အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချတာမှာ စိုးရိမ်မှုတော့ရှိတယ်။ ဖြစ်ပါ့မလားဆိုပြီးတော့ စိုးရိမ်မှုတော့ရှိတယ်။ ဒါပေမဲ့လဲ ဒီရောက်လာတော့လဲ အဆင်ပြေပါတယ် အားလုံးက။ တပ်မတော်အပေါ် အမြင်တွေကတော့ အရင်ကတော့ အမြင်တွေမှားခဲ့တာပေါ့။ ရောက်ရှိလာတဲ့အချိန်မှာ တွေ့ရတဲ့ အမြင်တွေကတော့ မတူတော့ဘူးပေါ့။ တော်တော်လေးကောင်းပါတယ်။ မိသားစုနဲ့ ပြန်တွေ့ရတဲ့အချိန်မှာ ပျော်တယ်ပေါ့။ ကိုယ့်ဘဝအတွက်ကတော့ အခုလောလောဆယ်ကတော့ ရန်ကုန်မှာပဲ အလုပ်လုပ်မယ်လို့ မှန်းထားပါတယ်။ လာခဲ့ပါလို့ အားလုံးကို၊ အားလုံးက ဒီမှာ အဆင်ပြေပါတယ်လို့ ဖော်ဖော်ရွေရွေ ပါပဲလို့"ဟု ပြောသည်။

"အဲဒီကိုရောက်တာလဲ သိပ်မကြာသေးဘူး သုံးလကျော် လေးလကျော်ပဲရှိသေးတော့မသိဘူး။ အလင်းမဝင်ခင်က အခြေအနေက စိတ်သောကတွေရောက်တယ်ပေါ့။ အလင်းဝင်ပြီးတဲ့ အချိန်မှာတော့ ကိုယ်ဒီဘက်ကို ရောက်ပြီဆိုတဲ့အတွေးနဲ့ ပျော်တယ်။ သူတို့က အဲဒီဘက်မှာ အစတုန်းက ကိုယ်တွေအလင်းဝင်မယ်လို့ တွေးတော့ အခါကျတော့ သူတို့ကပြောတာ ဒီဘက်မှာ အလင်းဝင်တာပဲဖြစ်ဖြစ် ဖမ်းမိတာပဲဖြစ်ဖြစ် သူတို့ကသတ်ပစ်တယ်လို့ပဲပြောတာ။ အဲဒီတော့ ကိုယ်က ကြောက်တာပေါ့ ဝင်ဖို့ကိုနောက်ပိုင်းကျတော့ ကိုယ့်ဘာသာကိုယ် ဝင်တာပဲ အပြင်ရောက်ရင် သူ့တို့ဘာသာသူတို့ သတ်ချင်လဲသတ်တော့ ကိုယ့်ဘာကိုဝင်တာ အဲဒီထဲမှာတော့ မနေချင်တော့ဘူးဆိုပြီး ထွက်လာတာ။ ဆက်ဆံရေးတွေလဲ ကောင်းပါတယ်။ ဘယ်လိုမှတော့ မနေဘူးပေါ့။ ပြောင်းလဲတာတော့ တော်တော်လေးပြောင်းလဲလာတယ်။ မိသားစုနဲ့ ပြန်လည်ဆုံတွေ့ရမယ်ဆိုတော့ ဝမ်းသာတယ်။ ကိုယ့်ဘဝကို အကောင်းဆုံး တည်ဆောက်သွားမယ်လို့ စိတ်ကူးထားတယ်။ အလင်းဝင်ချင်တဲ့သူတွေကိုရော အကုန်လုံးပေါ့နော် ဖိတ်ခေါ်တယ်လို့ ဒီဘက်ကနေပြီးတော့ အလင်းကို အမြန်ဆုံးဝင်ပေးပါ။ အဲဒီဘက်မှာကျတော့ နေရထိုင်ရတာ အဆင်မပြေလို့ပေါ့နော်" ဟု ပြောသည်။

"နေခဲ့တဲ့နေရာမှာက ဘဝအတွက် တိုးတက်မှုလဲ ဘာမှမရှိဘူး ဒုက္ခပေါင်းများစွာနဲ့လဲကြုံရတယ်။ အမြင်မကျယ်တော့ဘူး။ တောထဲတောင်ထဲမှာ ဒုက္ခခံရတာကလွဲရင်ဘာမှ ကိုယ့်ဘဝအတွက်လဲ တိုးတက်မှုမရှိဘူး။ အလင်းမဝင်ခင်ကတော့ ဒုက္ခပေါင်းများစွာနဲ့ ကိုယ့်ဘဝက အမှောင်ကျနေသလိုပေါ့နော်။ အခုအလင်းဝင်ပြီးတော့လဲ ကိုယ့်မိဘဆီပြန်ရောက်တော့ ကိုယ့်ဘဝတိုးတက်မှုတွေအများကြီး ရှိမယ်ပေါ့နော်။ အလင်းဝင်ဖို့ဆုံးဖြတ်ချက်ချတဲ့အချိန်မှာ ပထမက ရှေ့တန်းကနေပြီးတော့ သူငယ်ချင်းတွေဆီရောက်သွားခဲ့တယ်။ ရောက်သွားတော့ အဆက်အသွယ်တွေကလဲမရဘူး။ အဆက်အသွယ်မရတော့ သူတို့နဲ့လိုက်ပြီး ချိတ်ဆက်တယ်။ ချိတ်ဆက်တော့ မိသွားလို့ရှိရင်လဲ သူတို့သတ်မှာကို ကြောက်ရသေးတယ်ဗျ။ ပထမတုန်းကတော့ လူငယ်ဆိုတော့ အဲဒီလောက်လဲ တပ်မတော်နဲ့ပတ်သက်တဲ့ အရာတွေမှန်သမျှလဲ သိပ်မသိဘူးပေါ့နော်။ ကိုယ့်အပေါင်းအသင်းတွေနဲ့ ချိတ်ဆက်မှုရပြီး ပါသွားခဲ့တော့၊ ခုပြန်ရောက်လာတော့အများကြီး နိုင်ငံတော်အပေါ် တပ်မတော်က ကောင်းကျိုးတွေ အများကြီးရှိတယ်။ ပီတိဖြစ်တာပေါ့နော်။ ပျော်လဲပျော်တယ် မိသားစုနဲ့ ပြန်တွေ့ရတော့။ အလင်းဝင်ရောက်လာပြီးတော့ အကောင်းဆုံးဝါသနာနဲ့ အလုပ်နဲ့ ထပ်တူကျတဲ့အရာကိုပဲ ရွေးချယ်ပြီးတော့ အကောင်းဆုံးကြိုးစားမယ်ပေါ့။ ကိုယ့်ဘဝတိုးတက်အောင် ကြိုးစားမယ်"ဟု ပြောသည်။

(၅၀၁)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၄**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဥတ္တရသီရိတပ်နယ်ကိုယ်စားပြုအသင်းကို ဒိုင်းဆုနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် ဥတ္တရသီရိတပ်နယ်ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ခြောက်သင်းနှင့် အမျိုးသမီးအသင်း ခြောက်သင်းတို့ဖြင့် ဩဂုတ် ၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# သုံးခွမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ကျေးရွာဓမ္မာရုံ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၅၄ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ တောင်ပေါ်ကျောင်းတိုက်၌အခြေပြု၍ ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းနှင့်တိုက်ကြီးတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုများ၊ အကောင်းဆုံးအားကစားသမားဆု၊ ပွဲစဉ်အလိုက်အကောင်းဆုံးအသင်းဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း၊ ဒိုင်းဆုရရှိသော မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းကို တိုင်းမှူးကလည်းကောင်း ဂုဏ်ပြုဆုနှင့်ဒိုင်းဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဩဂုတ် ၁၀ ရက်မှ ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏ နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာ ဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်း မရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများ စာရင်းကောက်ခံခြင်းအဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ညောင်တုန်းမြို့၌ ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ) ကျင်းပ



ညောင်တုန်း ဩဂုတ် ၁၄

ညောင်တုန်းမြို့နယ် ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းက ဦးဆောင်ကာ ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)ကို ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ်(၃) ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပွဲကို ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီဝင် မန်းငြိမ်းမောင်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းသိန်းကျော်၊ မြို့နယ် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလတို့က မင်္ဂလာဖားစည်ကိုးချက်တီး၍ ဖွင့်လှစ်ပေးပြီး ကရင်အမျိုးသားအလံတော်ကို အလေးပြုကြသည်။

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ)တွင် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင်နှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားကြပြီး လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသားများနှင့်အတူ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)ကို ကျင်းပကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ရောဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်း



ရန်ကုန် ဩဂုတ် ၁၄

ရောဝတီတိုင်းဒေသကြီး ရေဘေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သောအဖွဲ့သည် ရောဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ရောဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုးညွန့်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကေဗွီ ၂၃၀ ဘဲလင်းပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၁၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကေဗွီ ၂၃၀ ဘဲလင်းပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ကြားခံလျှပ်ကူးပစ္စည်းများကို အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာ အမှတ်(၂)ကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ ငါးနာရီကြာခန့် ဓာတ်အားပိတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့၊ စဉ့်ကိုင်မြို့၊ တံတားဦးမြို့၊ ပလိပ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန် ငါးနာရီကြာခန့် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၄-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၁၇ ~ ၅၁၈.၇ | ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၇၉,၀၅၈.၂၄ | ၂,၁၀၂,၀၉၄.၈၇ | ၂,၇၈၉,၅၅၆.၀၀ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာနှင့်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

# ၂၀၂၆ ခုနှစ် ဩဂုတ် ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက်
ပညာလည်းပေး ဗဟုသုတလည်းရ
ဟာသလည်းပါ ဉာဏ်ရည်လည်းတိုးမဲ့
_ မျက်နှာဖုံးတွင် ကာတွန်းစိုးပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းရွှေကြိုးကြာ၊ ကာတွန်းကိုကောင်းနှင့် ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
_ ကဗျာဆရာ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ရဲဘော်မြသိန်း(ဟိုပုံး)၊ မန်းတင့်မော်၊ စာနည်း၊ ကန့်ဘလူခင်မောင်ဆွေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
_ သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း စဝေဆာဆာဖြင့်
(၁၁- ၈-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၃၀)၊ အမှတ်(၃၀)ထွက်ပြီ။

• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •

“သုတကမ္ဘာ” စစ်မှုရေးရာနှင့် သုတအဖြာဖြာ သတင်းဂျာနယ်ကို
၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)ကစ၍
အပတ်စဉ် စနေနေ့တိုင်း ထုတ်ဝေလျက်ရှိပါသည်။


နယ်ကိုစားလှယ်များ ဂျာနယ်မှာယူလိုပါက
ဖုန်း - ၀၉၃၂၄၉၇၇၂၄ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။
စာမူရှင်များအနေဖြင့်
Email; thutakabarjournal@gmail.com
သို့ စာမူများပေးပို့နိုင်ပါသည်။
၉-၈-၂၀၂၆ ရက်ထုတ်
အတွဲ(၉)၊ အမှတ်(၁၈)
ထွက်ပြီ

# ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း




နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းက ရေဘေးသင့် ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့် ဆေးပစ္စည်းများ၊ ရေဘေးသင့် ကျန်းမာရေး ဝန်ထမ်းများအတွက် အလှူငွေများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့ လာရောက်လှူဒါန်းသည်။

မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လှူဒါန်းမှုအတွက် ကျေးဇူး တင်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက် ၍ ရှင်းလင်းတင်ပြသည်။

အဆိုပါလှူဒါန်းပွဲတွင် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေး မှူးချုပ်များထံ အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်း များ၊ အလှူငွေများ ပေးအပ်၍ ဂုဏ်ပြုမှတ် တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လာရောက်လှူဒါန်းမှုသည် ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ ဆေး နှင့် ဆေးပစ္စည်းများ၊ အလှူငွေကျပ်သိန်း ၇၁၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စုများကို ထောက်ပံ့ပေးအပ်



စစ်ကိုင်း ဩဂုတ် ၁၄

စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိရေဘေး သင့်အိမ်ထောင်စု ၄၁၂စု၊ လူဦးရေ ၁၅၆၉ ဦး အတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန် ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက် ရေဘေး ရှောင်စခန်းရှိ ထုံးဘိုရပ်ကွက်၊ တကောင်း ရပ်ကွက်တို့မှ ရေဘေးသင့်အိမ်ထောင်စု ၅၀ မှ လူဦးရေ ၂၀၄ ဦး၊ သောတာပန် ရပ်ကွက် လေးကျွန်းမာရ်အောင်ဘုရားဝင်း အတွင်းရှိသော တာပန်ရပ်ကွက်၊ စိန်ကုန်းရပ်ကွက်အတွင်းရှိ ရေဘေးသင့် အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၅၀၊ မြေ ဝတီရပ်ကွက် ရှစ်မျက်နှာဘုရားဝင်းအတွင်း ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၅၀ တို့အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများ ရေဘေးသင့် ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင် မိခင်များ၊ ငါးနှစ်အောက် ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ် များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းစီ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့မျက်မမြင်ကျောင်း ရှိ အမြင်အာရုံချို့တဲ့သူများနှင့် ကလေးငယ် များ အတန်းပညာနှင့် အသက်မွေးဝမ်း ကျောင်းပညာသင်ကြားပေးနေမှု၊ သင်တန်း သားအိပ်ဆောင်၊ စာသင်ဆောင်၊ အသက် မွေးဝမ်းကျောင်း သင်တန်းဆောင်များကို လှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းမြို့ အသခ်ရာ ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ထမ်း ဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံ ကာ လိုအပ်သည်များမှာကြား၍ တင်ပြချက် များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

ရန်ကုန် ဩဂုတ် ၁၄

အဖျောက်မြို့၏ ရေဝတီမြစ်ရေ ဝင်ရောက်မှုနှင့် မြစ်ကမ်းပါးများကြွခိုင်မှု အခြေအနေ၊ အဖျောက်မြို့ ရေကြီးရေလျှံမှု ကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုအပေါ် စဉ်ဆက်မပြတ်စစ်ဆေး ဆောင်ရွက်ထား ရှိမှု၊ ရေကြီးရေလျှံမှုဖြစ်ပွားပါက ကယ်ဆယ်ရွှေ့ပြောင်းရေးအတွက် ရေယာဉ် ကို တစ်ဦးချင်း လက်တွေ့မောင်းနှင် လေ့ကျင့်နေမှု၊ တိုက်ကြီးမြို့နယ် ပန်းတုန်းပိတ်ကျေးရွာ ကမ်းပြိုကာကွယ် ရေးလုပ်ငန်းခွင်တို့ကို ယနေ့နံနက်ပိုင်း တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် လှည့်လည်ကြည့်ရှု အားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ် လာပါက ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် တိုက်ကြီးမြို့နယ် အဖျောက်(၃)ရပ်ကွက် ငွေဥဒေါင်းခန်းမ၌ ရိက္ခာနှင့်ဆေးဝါးများ၊ ကာကွယ်ရေးပစ္စည်းများနှင့် ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင် စုဆောင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေး



မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအဆင့် ၂၀၂၆- ၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အဆင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှား မှုအထိမ်းအမှတ် အခြေခံပညာကျောင်းများ မှ အထက်တန်း ကျောင်းသား၊ ကျောင်းသူ များ၏ အာဟာရပြည့်ဝ တန်ဖိုးမျှချက်ပြုတ် ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး ကာ ချက်ပြုတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆု များနှင့် ကူညီဆောင်ရွက်ပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြု ခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့ ၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘားအံမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်



ဘားအံ ဩဂုတ် ၁၄

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေမြင့်တက်မှုကြောင့် အနိမ့် ပိုင်း လူနေရပ်ကွက်များအတွင်း မြစ်ရေ ဝင်ရောက်သည့်အတွက် အဆိုပါရပ်ကွက် နေ ပြည်သူများကို ယာယီရေဘေးရှောင် စခန်းများသို့ ပြောင်းရွှေ့နေရာချထားပေး ခဲ့ရာ အမှတ်(၁)ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြကြေးမုံဆောင် ယာယီရေဘေးရှောင် စခန်းကို ယနေ့နံနက်ပိုင်းက ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက် ၍ ပြည်သူများကို အားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၆၄၀၀၀၀၊ ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့အတူ အမှတ်(၂)ရပ်ကွက် ရွှေယဉ် မျှော်ပြည်တော်ဇေတီတော် ယာယီ ရေဘေးရှောင်စခန်း၊ အမှတ်(၅)ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်း မိုးလုံလေလုံအားကစားခန်းမ ယာယီရေဘေးရှောင်စခန်းတို့ရှိ ရေဘေး သင့်ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၂၁၃၈ ကေ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါးကေ ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ဇူလိုင်လအတွင်း ကျားကဏန်း ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ကျားကဏန်း ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်း ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း အသေး တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၇၅၀၀ ထိ အရွယ်အစားအပေါ်မူတည်၍ ဈေးအပြောင်းအလဲ ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကန်ကြီးထောင့်မြို့နယ် သဘောငူကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ကန်ကြီးထောင့် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကသဘောငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်း ဗို့၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်နှင့် တာဝန်ရှိသူများက သဘောငူကျေးရွာ၌ အရှည်ပေ ၁၀၀၀ ရှိဗို့၄၀၀ ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၂ သိန်း အသုံးပြုပြီး မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာ ကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

# ဆီဆိုင်မြို့နယ် လွယ်မန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဆီဆိုင် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ လွယ်မန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် ဝန်ထမ်းများက လွယ်မန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၈ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

လွယ်မန့်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၈ ဒသမ ၂သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက ပြောပြ၍ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ပဲခူးမြို့နယ် မြို့လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပဲခူး ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြို့လေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၄၀ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသား ၁၄၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

သုတ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# လွယ်ကူဖြေရှင်း အပင်အာဟာရ စက်ဝန်းများ အပိုင်း(၁)

မှုမှု(မလှိုင်)




မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်စွမ်းအားစနစ်ဖြင့် စီးပွားရေးလူနေမှုဘဝများ လှုပ်ရှားလည်ပတ်နေသည်။ စိုက်ပျိုးရေး၏ အသက်သွေးကြောဖြစ်သော ကုန်ထုတ်လုပ်မှုတွင် သီးနှံစုံနေရာဒေသစုံစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး၊ အရည်အသွေးကောင်းမွန်စေရေးတို့ကိုဦးတည်နေကြသည်။ ထွက်ရှိလာသော ကုန်ပစ္စည်းများကို စားသုံးခြင်း ပြင်ဆင်ထုတ်လုပ်ခြင်း ကုန်သွယ်ကူးသန်းရောင်းဝယ်ခြင်း အစစသော ဆက်စပ်လုပ်ငန်းရှည်ကြီးတွင် မိမိနယ်တွင်းသာမက နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်မှုသည်လည်း မပါမဖြစ်အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ မိမိထွက်ကုန်တင်ပို့သကဲ့သို့ မိမိလိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုအမျိုးမျိုးကို ဝယ်ယူတင်သွင်းနေရသည်များလည်း ရှိသည်။ ကမ္ဘာ့အခြေအနေအရပ်ရပ် ပြောင်းလဲမှုနှင့်အတူ ကုန်သွယ်မှုကဏ္ဍ၏ အခက်အခဲ ကြုံတွေ့လာရမှုသည်လည်း အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ကြုံတွေ့လာပြီဖြစ်သည်။ အခါက အားဖြင့် စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးလိုအပ်ချက်သည် တောင်သူတို့ တွေ့ကြုံလာရသော အခက်အခဲတစ်ခုပင်ဖြစ်သည်။ ထိုအခက်အခဲကို ဖြေရှင်းဆောင်ရွက်ပြီး စိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ရာ မိမိဒေသတွင်း ရရှိနိုင်သောအရင်းအမြစ်များကို အသုံးချ၍ အပင်အာဟာရလိုအပ်ချက် ကျော်လွှားစွမ်းဆောင်နိုင်ရန် ဆွေးနွေးအကြံပြုလိုသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ ဓာတ်မြေသြဇာ အခက်အခဲဖြေရှင်းရန် စဉ်းစားကြရာတွင် ယနေ့ကမ္ဘာမှာဖြစ်ပေါ်နေသော အခြေအနေများအရ စိုက်ပျိုးရေးတွင် အသုံးပြုနေသောဓာတုဓာတ်မြေသြဇာများ ဝယ်ယူတင်သွင်းရေးကိစ္စရပ်အခက်အခဲများ၊ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် တောင်သူများ ဓာတ်မြေသြဇာထည့်သွင်းရန် အခက်အခဲများ တွေ့ကြုံနေကြရသည်။ လက်ရှိတွေ့ကြုံနေရသည်များကို ဖြေရှင်းကျော်ဖြတ်နိုင်စေရန် ဒေသတွင်းတည်ရှိနေသော အရင်းအမြစ်များဖြင့် ပြုပြင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို လေ့လာလျှင်–

**သီးနှံအကြွင်းအကျန်များအလိုက် အာဟာရပါဝင်မှု ဓာတ်ခွဲဆန်းစစ်ချက်**

| သီးနှံအကြွင်းကျန် အမျိုးအစား | နိုက်ထရိုဂျင် ပါဝင်မှု ရာခိုင်နှုန်း | ဖော့စဖရတ် ပါဝင်မှု ရာခိုင်နှုန်း | ပိုတက်စီယမ် ပါဝင်မှု ရာခိုင်နှုန်း | ကယ်စီယမ် ပါဝင်မှု ရာခိုင်နှုန်း | မဂ္ဂနီစီယမ် ပါဝင်မှု ရာခိုင်နှုန်း | ဆာလဖာ ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ကောက်ရိုး | ၁.၅၅၉ | ၀.၄၇၇ | ၀.၈၇၁ | ၀.၈၈ | ၀.၂၄၃ | ၀.၁၆၅ |
| ပြောင်းဖူးအူတိုင် | ၀.၄၁၅ | ၀.၀၀၄၂ | ၀.၁၄၁ | ၀.၀၈ | ၀.၀၄၈ | ၀.၂၂၄ |
| နှမ်းရိုး | ၀.၇၂၇ | ၀.၄၈၉ | ၀.၆၃၃ | ၀.၈၀၂ | ၀.၂၄၃ | ၀.၁၆၉ |
| မြေပဲတောင့်ခွံ | ၁.၁၇၈ | ၀.၂၆၁ | ၁.၁၆၁ | ၀.၂၄ | ၀.၂၄ | ၀.၂၅၉ |
| ပဲတီစိမ်း (အပင်) | ၁.၈၀၁ | ၀.၇၆၄ | ၄.၄၈ | ၁.၄၄၃ | ၀.၄၃၇ | ၀.၃၂၄ |
| ပဲတီစိမ်း(သီးတောင့်ခွံ) | ၀.၉၃၅ | ၀.၃၀၇ | ၂.၁၉၁ | ၀.၇၂၁ | ၀.၅၃၅ | ၀.၃၁၁ |
| နေကြာပင်ကျန် | ၃ - ၅ | ၀.၃ - ၀.၅ | ၃ -၄.၅ | ၀.၈ -၂ | ၀.၃ - ၀.၈ | ၀.၁၅ -၂ |
| ကြံကြိတ်ဖတ် | ၁.၆၈ | ၇.၈၀၁ | ၀.၁၀၁ | ၈.၄ | ၃.၁၂ | ၁.၃၇၁ |
| ကြက်သွန်နီရွက်ခြောက် | ၃.၁ | ၀.၃၃ | ၃.၃ | ၀.၅ | ၀.၂၇ | - |
| နွားချေး(အခြောက်) | ၀.၂၄၂ | ၀.၆၆ | ၀.၃၄၃ | ၀.၈၈ | ၀.၄၁၃ | ၀.၁၆၁ |
| နွားချေး (အစို) | ၂.၀၆၅ | ၁.၄၁၃ | ၀.၂၈၄ | ၁.၂၈ | ၁.၁၆ | ၀.၂၄၉ |
| ပဲဖတ် | ၇.၁၇၅ | ၁.၂၄၆ | ၁.၆၁၃ | ၀.၁၆ | ၀.၆၃ | ၀.၀၀၉ |

ရင်းမြစ်–သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများလက်စွဲ၊ မြေအသုံးချရေးဌာနခွဲ (၂၀၁၉)

**(က)သီးနှံအကြွင်းအကျန်ကဏ္ဍ**

တောင်သူများ မိမိစိုက်ခင်းမှ ထွက်ရှိသောသီးနှံအကြွင်းအကျန်များကို တိရစ္ဆာန်အစာအဖြစ်အသုံးပြုနေမှုမှ ခွဲခြားပြီး စိုက်ခင်းသို့မြေဆွေးပြုလုပ်ပြန်လည်ထည့်သွင်းပေးခြင်း ပြုလုပ်ကြရန် နှိုးဆော်ပညာပေးဆောင်ရွက်သင့်သည်။ သီးနှံအလိုက် အမျိုးအစားအလိုက်သီးနှံအကြွင်းအကျန်များတွင် ထိုက်သင့်သလောက်သောအပင်အာဟာရဓာတ်များ ပါဝင်နေသည်။ ဖော်ပြပါ ကိန်းဂဏန်းစိစစ်ချက်များအရ သီးနှံအကြွင်းအကျန်ကို ပြန်လည်အသုံးပြုခြင်းသည် ရရှိလာသောသဘာဝမြေဆွေးတွင် နိုင်ထရိုဂျင်ဓာတ်တစ်မျိုးတည်းသာ မဟုတ်ဘဲ ဖော့စဖရတ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ ကယ်စီယမ်ဓာတ်၊ မဂ္ဂနီစီယမ်ဓာတ်၊ ဆာလဖာဓာတ်တို့ကို သဘာဝမြေဆွေး (Organic Matter)နှင့်အတူ ရရှိနိုင်သည်။

သီးနှံအကြွင်းအကျန်တွင်ပါရှိလာမည့် အာဟာရဓာတ်ကိုအခြေခံ၍ အသုံးပြုသင့်သောပမာဏကို ဆန်းစစ်လျှင် သီးနှံအမျိုးအစားအလိုက်ကွာခြားမှု ရှိပါသည်။ ဥပမာ– ကောက်ရိုး ကီလိုဂရမ် ၁၀၀ တွင် နိုက်ထရိုဂျင်ပမာဏ ၁ ဒသမ ၅၅၉ ကီလိုဂရမ်ရရှိနိုင်သည်ဆိုလျှင်၊ ယူရီးယားဓာတ်မြေသြဇာ ကီလိုဂရမ် ၅၀ တစ်အိတ်တွင် နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်း ပါရှိမှုအရ နိုက်ထရိုဂျင် ၂၃ ကီလိုဂရမ်ပါရှိနေမည်။ ထို ၂၃ ကီလိုဂရမ် နိုက်ထရိုဂျင် ယူရီးယားတစ်အိတ် အစားထိုးပေးရန် ကောက်ရိုး ၁၄၇၅ ဒသမ ၃ ကီလိုဂရမ် တစ်နည်းအားဖြင့် ကောက်ရိုးပမာဏ ၁ ဒသမ ၄၈ တန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ယူရီးယားတစ်အိတ်အတွက် သီးနှံအကြွင်းကျန်များကို သုံးစွဲလျှင် ရရှိနိုင်မည့်အာဟာရတန်ဖိုးအတိုင်း ခန့်မှန်းခြေလိုအပ်မည့် သီးနှံအကြွင်းကျန်တန်ဖိုးများကို တွက်ချက်နိုင်သည်။

ထိုသို့ ထည့်ပေးရာတွင် ဥပမာ – ကောက်ရိုး ၁၄၇၅ ဒသမ ၃ ကီလိုဂရမ်ကို အသုံးပြုပါက နိုက်ထရိုဂျင်ဓာတ် ၂၃ ကီလိုဂရမ်သာမက ယှဉ်တွဲပါရှိလာမည့် ဖော့စဖရတ်ဓာတ် ၇ ဒသမ ၀၃ ကီလိုဂရမ်၊ ပိုတက်စီယမ်ဓာတ် ၁၂ ဒသမ ၈၄၉ ကီလိုဂရမ်၊ ကယ်စီယမ်ဓာတ် ၁၂ ဒသမ ၉၈ ကီလိုဂရမ်၊ မဂ္ဂနီစီယမ်ဓာတ် ၃ ဒသမ ၅၈ ကီလိုဂရမ်နှင့် ဆာလဖာဓာတ် ၂ ဒသမ ၄၃ ကီလိုဂရမ်ကိုပါ ရရှိနိုင်သည်။ ထို့ကြောင့် ယူရီးယားတစ်အိတ်အတွက် အစားထိုးအသုံးပြုနိုင်မည့် ကောက်ရိုး ၁၄၇၅ ဒသမ ၃ ကီလိုဂရမ်ထည့်သွင်းပေးလျှင် အပိုဆုအနေဖြင့် ဖော်ပြပါ

**သီးနှံအကြွင်းအကျန်အမျိုးအစားအလိုက်ယူရီးယားတစ်အိတ်ကို ကိုယ်စားပြုနိုင်မည့်ပမာဏ**

| သီးနှံအကြွင်းကျန် အမျိုးအစား | နိုက်ထရိုဂျင် ပါဝင်မှု ရာခိုင်နှုန်း | အမှန်လိုအပ်သည့် သီးနှံကြွင်းကျန် ပမာဏ (ကီလို) | အမှန်လိုအပ်သည့် သီးနှံကြွင်းကျန် ပမာဏ (တန်) |
|---|---|---|---|
| ကောက်ရိုး | ၁.၅၅၉ | ၁၄၇၅.၃၀ | ၁.၄၈ |
| ပြောင်းဖူးအူတိုင် | ၀.၄၁၅ | ၅၅၄၂.၁၇ | ၅.၅၄ |
| နှမ်းရိုး | ၀.၇၂၇ | ၃၁၆၃.၆၉ | ၃.၁၆ |
| မြေပဲခွံ | ၁.၁၇၈ | ၁၉၅၂.၄၆ | ၁.၉၅ |
| ပဲတီစိမ်း (အပင်) | ၁.၈၀၁ | ၁၂၇၇.၀၇ | ၁.၂၈ |
| ပဲတီစိမ်း(သီးတောင့်ခွံ) | ၀.၉၃၅ | ၂၄၅၉.၈၉ | ၂.၄၆ |
| နေကြာပင်ကျန် | ၃.၀၀ | ၇၆၆.၆၇ | ၀.၇၇ |
| ကြံကြိတ်ဖတ် | ၁.၆၈ | ၁၃၆၉.၀၅ | ၁.၃၇ |
| ကြက်သွန်နီရွက်ခြောက် | ၃.၁ | ၇၄၁.၉၄ | ၀.၇၄ |
| နွားချေး(အခြောက်) | ၀.၂၄၂ | ၉၅၀၄.၁၃ | ၉.၅၀ |
| နွားချေး (အစို) | ၂.၀၆၅ | ၁၁၁၃.၈၀ | ၁.၁၁ |
| ပဲဖတ် | ၇.၁၇၅ | ၃၂၀.၅၆ | ၀.၃၂ |

အာဟာရဓာတ်များကိုပါ မြေဆီလွှာတွင်းပြန်လည်ဖြည့်တင်းပေးပြီးဖြစ်သည်။

သီးနှံစိုက်ခင်းများတွင် သီးနှံအကြွင်းအကျန်များ ပြန်လည်သုံးချခြင်းဖြင့် ဖော်ပြပါအကျိုးရလဒ်များအပြင် မြေတွင်းရှိ အဏုဇီဝပိုးများအတွက် ပတ်ဝန်းကျင်ကောင်းရရှိပြီး သစ်ဆွေးဓာတ်ခြေဖျက်ပေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သောသက်ရှိငယ်များအတွက် အစာရေစာရရှိသလို မြေဆီလွှာပြန်လည်တည်ဆောက်မှုကိုပါအကျိုးပြုသဖြင့် မြေဆီလွှာအတွက် ပို၍အထောက်အကူကောင်းကို တည်ဆောက်နိုင်သည်။ မစိုက်ပျိုးခင် ကြိုတင်ထည့်သွင်းပေးနိုင်ရန် ဝါယမစိုက်ထုတ်ရန်လိုအပ်ပြီး ရရှိလာမည့် အာဟာရဓာတ်များသည်လည်း ဓာတုဓာတ်မြေသြဇာများကဲ့သို့ အလွယ်တကူပျော်ဝင်ပျောက်ဆုံးမှုနည်း၍ သီးနှံပင်မှ ဖြည်းဖြည်းချင်းစားသုံးနိုင်ပြီး အကျိုးရှိစေနိုင်သည်။

**(ခ) သစ်စိမ်းမြေသြဇာကဏ္ဍ**

မိမိဒေသတွင်းရရှိနိုင်မည့် စိုက်ပျိုးလွယ် ကြီးမြန်သစ်ပင်များကို အသုံးပြု၍ သစ်စိမ်းမြေသြဇာအဖြစ် ထည့်သွင်းအသုံးပြုနိုင်သည်။ သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုမည့်မူရင်းသစ်ပင်အမျိုးအစားအလိုက် အာဟာရဓာတ်ပါဝင်မှု ကွာခြားသည်။ ထို့ပြင် နိုက်ထရိုဂျင်ပါဝင်မှုပိုမိုမြင့်မားခြင်း၊ မြေဆွေးပုံပြုလုပ်ရမှုလုပ်ငန်းသက်သာပြီး မြေပြုပြင်လုပ်ငန်းနှင့်အတူ တစ်ပါတည်းဆောင်ရွက်နိုင်သောကြောင့်လည်းကောင်း၊ မြေဆွေးဖြည့်ဆည်းပေးမှုမြန်ဆန်စေသဖြင့် ဆောင်ရွက်သင့်သည်။ သစ်စိမ်းမြေသြဇာပြုလုပ်ထည့်ပေးရာတွင် နိုက်ထရိုဂျင်ဓာတ်ကို ပိုမိုရရှိနိုင်ပြီး ပိုတက်စီယမ်ဓာတ်ကိုပါ သီးနှံအကြွင်းကျန်များထက်ပို၍ ရရှိနိုင်သဖြင့် နိုက်ထရိုဂျင်နှင့် ပိုတက်စီယမ် ပိုမိုလိုအပ်မည့်သီးနှံစိုက်ခင်းများတွင် သစ်စိမ်းမြေသြဇာပြုလုပ်ထည့်ပေးခြင်းကို အားစိုက်ဆောင်ရွက်သင့်သည်။ သဘာဝမြေသြဇာအသုံးပြုသကဲ့သို့ပင် အကျိုးကျေးဇူးရရှိနိုင်ပြီး ဓာတုမြေသြဇာများလျှော့ချသုံးစွဲနိုင်သဖြင့် တောင်သူများ ဆောင်ရွက်သင့်သော အပင်အာဟာရမြေသြဇာ ထည့်သွင်းမှုအဖြစ် နှိုးဆော်သင့်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာလေဆိပ်အနီးတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေ



**တိုကျို ဩဂုတ် ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာလေဆိပ်အနီးတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း ဂျပန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး သေဆုံးသူလေဦးမှာ နာရီတာလေဆိပ်အနီးပတ်ဝန်းကျင်တွင် နေထိုင်သောဒေသခံများဖြစ်ကြောင်း၊ မိုးရေချိန်သည် ၃၆၀ မီလီမီတာထိ မြင့်မားခဲ့ခြင်းကြောင့် ၂၄ နာရီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားနေသော ဧရိယာအတွင်း ပိတ်မိနေသော ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက် ပေးနေသကဲ့သို့ တပ်မတော် သားများကလည်း ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပါဝင် ကူညီပေးလျက်ရှိကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုအခြေအနေက တော်တော်လေးကို အန္တရာယ်များပါတယ်။ သဘာဝဘေးအန္တရာယ်တွေနဲ့ အကြိမ်ပေါင်းများစွာကြုံတွေ့ခဲ့ဖူးတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ဖူးပါတယ်။ ဒါပေမဲ့လဲ တစ်ကြိမ်ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကိုတော့ တစ်ခါမှ မကြုံဖူးပါဘူး"ဟု ချီဘာမြို့တော်ဝန် တိုရှိဟီတိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂရိနိုင်ငံမြောက်ပိုင်း ဟယ်ကီဒီကီဒေသ စီဗီရီအပန်းဖြေစခန်းအနီးတွင် တောမီးလောင်ကျွမ်းနေသဖြင့် လူဦးရေ ၃၅၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**အေသင် ဩဂုတ် ၁၄**

ဂရိနိုင်ငံမြောက်ပိုင်း ဟယ်ကီဒီကီဒေသ စီဗီရီအပန်းဖြေစခန်းအနီးတွင် ဩဂုတ် ၁၃ ရက်က တောမီး လောင်ကျွမ်းနေသဖြင့် ဒေသခံများနှင့် ခရီးသွားဧည့်သည် ဦးရေ ၃၅၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မီးတောက်များ လျင်မြန်စွာ ပျံ့နှံ့ခဲ့ပြီး အပင်နိမ့်များမှတစ်ဆင့် ထင်းရှူးတောများနှင့် လူနေထူထပ်သည့်နေရာများထိ မီးကူးစက်ခဲ့ကြောင်း၊ ဟယ်ကီဒီကီဒေသသည် ဂရိနိုင်ငံမြောက်ပိုင်းရှိ ကျွန်းဆွယ်ဒေသ တစ်ခုဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ခရီးသွားများကြား နွေရာသီအပန်းဖြေနေရာအဖြစ် လူကြိုက်များကြောင်း သိရသည်။

လက်ရှိ တောမီးလောင်ကျွမ်းမှုကြောင့် စီဗီရီအပန်းဖြေစခန်းမှ လူပေါင်း ၃၅၀ နီးပါးကို ပင်လယ်ရေကြောင်းမှတစ်ဆင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ တောမီးကို မီးသတ်တပ်ဖွဲ့ဝင်



၁၅၅ ဦး၊ မီးသတ်လေယာဉ် ကိုးစင်းနှင့် ရဟတ်ယာဉ်ခုနစ်စင်းတို့ဖြင့် မီးငြိမ်းသတ်နေကြောင်း၊ တောမီးပြင်းထန်သဖြင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများအတွင်း မီးသတ်သမားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက လာမည့်နှစ်ရက်အတွင်း ဟယ်ကီဒီကီဒေသ၏နေရာအချို့တွင် တစ်နာရီလျှင် ၁၀၀ ကီလိုမီတာထိ လေပြင်းတိုက်ခတ်နိုင်သဖြင့် တောမီးလောင်ကျွမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း သတိပေးထားသည်။

Ref : Russia Today
Trs : KZ

# ၂၀၂၆ ခုနှစ်က အမေရိကန်နိုင်ငံတွင် နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုဖြင့် ရင်ဆိုင်နေရသည့်နှစ်ဖြစ်ကြောင်း ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံတွင် ၂၀၂၆ ခုနှစ်သည် နှစ်ပေါင်း ၂၀ အတွင်း တောမီးလောင်ကျွမ်းမှုဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်နှစ်ဖြစ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၆ ခုနှစ် ဇွန်လမှ လက်ရှိကာလထိ တောမီးကို ထိန်းချုပ်ပေးနိုင်ရန်ကြိုးစားပေးရင်း သေဆုံးသူ မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးရှိနေပြီဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်နောက်ပိုင်း တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်ပေးရန် ကြိုးစားပေးရင်း သေဆုံးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်မှာ ပျမ်းမျှတစ်နှစ်လျှင် ကိုးဦးသာရှိခဲ့သော်လည်း ၂၀၂၆ ခုနှစ်နွေရာသီကာလအတွင်း သေဆုံးသူ ၁၂ ဦး ရှိနေပြီဖြစ်ကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းမှ ထုတ်ပြန်ထားသည်။

"၂၀၂၆ ခုနှစ်အတွင်း ရာသီဥတုလွန်ကဲမှုကြောင့် တောမီးလောင်ကျွမ်းမှုနှုန်း မြင့်မားခဲ့တယ်။ နွေရာသီကာလအတွင်းမှာ တောမီးအကြိမ်ကြိမ် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၂၀ အတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ရေအများဆုံးဖြစ်ခဲ့တယ်။ အထူးဝမ်းနည်းဖွယ် ကောင်းတာကတော့ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်ပေးနိုင်ဖို့ ကြိုးစားပေးရင်း ဇွန်လကနေ ဩဂုတ်လအတွင်း မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်နောက်ပိုင်း တောမီးကိုထိန်းချုပ်ပေးဖို့ ကြိုးစားပေးရင်း သေဆုံးသူပျမ်းမျှ ကိုးဦးသာရှိခဲ့ပေမဲ့လဲ ၂၀၂၆ ခုနှစ်ကတော့ စံချိန်တင်သေဆုံးမှုပါပဲ"ဟု အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ပီရူးနိုင်ငံ၏ ခရိုင်များတွင် ရေရှားပါးမှုကြောင့် အရေးပေါ်အခြေအနေ ထုတ်ပြန်ထား

**လီမာ ဩဂုတ် ၁၄**

ပီရူးနိုင်ငံတွင် ရေရှားပါးမှုကြောင့် ခရိုင် ၆၀၇ ခုတွင် အာဏာပိုင်များက ယနေ့ကစ၍ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါအရေးပေါ်အခြေအနေ ထုတ်ပြန်ချက်အရ အရေးပေါ်ကာလသည် ရက် ၆၀ ကြာမြင့်မည်ဖြစ်ပြီး စက်တင်ဘာလတွင် ရေရှားပါးမှု အခြေအနေသည် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝနှင့် လုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ပြင် မိုးခေါင်ရေရှားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေပြတ်လပ်မှုကို ဖြေရှင်းရန်လိုအပ်သည့် အရေးပေါ်အစီအမံများကိုလည်း အစိုးရက ချမှတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ပီရူးအစိုးရက မိုးခေါင်မှုကြောင့် နိုင်ငံ၏ မြစ်အတော်များများတွင် ရေမျက်နှာပြင်ကျဆင်းလာပြီး ရေလှောင်ကန်များတွင် သိုလှောင်ထားသော ရေများလည်း လျော့နည်းလာခြင်းကြောင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပီရူးနိုင်ငံတွင် မိုးခေါင်မှုနှင့်အတူ အယ်နီညိုရာသီဥတုအခြေအနေများ ဖြစ်ပေါ်နေသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပါအဝင် ပြည်သူများ၏ လူမှုဘဝအပေါ်ထိခိုက်မှုများ ဖြစ်စေနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ရေအောက်အပူလှိုင်းဖြတ်သန်းမှုက ရေအောက်အဏ္ဏဝါလောကကို ထိခိုက်ပျက်စီးစေနိုင်

**ကင်ဘာရာ ဩဂုတ် ၁၄**

ဩစတြေးလျနိုင်ငံ အဒီလိတ်တက္ကသိုလ်မှ သုတေသီများ၏ နောက်ဆုံးပြုလုပ်ခဲ့သော သုတေသနရလဒ်များအရ ရေအောက်တွင် အပူလှိုင်းဖြတ်သန်းမှုသည် ရေအောက် အဏ္ဏဝါလောကကို ထိခိုက် ပျက်စီးစေနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေအောက်အပူလှိုင်း ဖြတ်သန်းမှုသည် ရေအောက်အဏ္ဏဝါလောကကို ကြီးမားစွာ ထိခိုက်ပျက်စီးစေနိုင်သကဲ့သို့ လူသားများကိုလည်း ဆိုးရွားစွာ အန္တရာယ်ပြုနိုင်ကြောင်း၊ ရေအောက်အပူလှိုင်းဖြတ်သန်းမှုကြောင့် မုန်တိုင်းဖြစ်ပေါ်မှုကို အားကောင်းစေသကဲ့သို့ ရေလုပ်ငန်းများကိုလည်း ကြီးမားသည့် ရိုက်ခတ်မှုဖြစ်ပေါ်နိုင်ကြောင်းလည်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုတွေကြောင့် သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေပါတယ်။ ရာသီဥတုလွန်ကဲမှုတွေကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေတယ်။ နောက်ဆုံး သုတေသနရလဒ်တွေအရ ရေအောက်အပူလှိုင်းဖြတ်သန်းမှုကြောင့် ပိုပြီးတော့ လူသားတွေကို ဒုက္ခပေးနိုင်ပါတယ်။ ရေအောက်အပူလှိုင်းဖြတ်သန်းမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးတွေက ပိုများပါတယ်"ဟု အဒီလိတ်တက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူ ဖယ်လ်ကန်ဘက်က ပြောကြားခဲ့သည်။

ရေအောက်အပူလှိုင်းဖြတ်သန်းမှုကြောင့် ဖြစ်ပေါ်သော မုန်တိုင်းများကို အားကောင်းစေခဲ့မှုအနေဖြင့် ၂၀၂၃ ခုနှစ် မက္ကဆီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော အော့တစ်ဟာရီကိန်းမုန်တိုင်းကြောင့် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထိ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ထို့ပြင် မုန်တိုင်းကြောင့် မိသားစုပေါင်း ၃၄၀၀၀ ကျော်ထိ နေရပ်ကိုစွန့်ခွာခဲ့ရသည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ပြင် ရေအောက်အပူလှိုင်းကြောင့် ရေအောက်တွင် အောက်ဆီဂျင် လျော့နည်းကာ ရေအောက်သတ္တဝါများကို အလိုအလျောက် သေဆုံးစေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal** (www.myawady.net.mm/cadets) နှင့် **Myanmar National Portal** (https://bit.ly/4hQEmg3) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၆-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျှင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။




၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလတွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ကုလားပဲကို အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာတွင် ကုလားပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း - ၈၊ ရေဆင်း ၁၁ မျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်ရေး၊ မြေသြဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်တောင်သူ အသိပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် ကျွဲ၊ နွားမွေးမြူထားရှိ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေအဖွဲ့ စုစုပေါင်း အဖွဲ့လေးဖွဲ့တို့မှ ကျွဲ၊ နွားမွေးမြူခြင်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**







## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ (၈) လမ်းနေ မပြည့်ဖြိုးရွှေဇင်(၁၁/သတန(နိုင်)၁၁၈၄၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-692064379**

## ပျောက်ဆုံးကြောင်း

သိန်းနီမြို့၊ ရှန်ထုံရွာနေ မရှောက်ဆမ် (ဘ) ဦးယံဖူရှို(၁၃/သနန(နိုင်)၀၆၁၃၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-803218) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402671777**

## အမည်မှန်ဖြစ်ပါကြောင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဗိုလ်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအောင်ပို** ဖြစ်ပြီး သမီးမသုသုဝေ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မသုသုဇင်** ဖြစ်ပါကြောင်း။

**ဦးအောင်ပို(၉/တတဥ(နိုင်)၁၁၀၄၃၂**
**သမီး - မသုသုဇင်**

## ဖခင်အမည်မှန်ဖြစ်ပါကြောင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ Grade-9 တွင် ပညာသင်ကြားနေသော မဇင်သွယ်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဝင်းအောင်** ဖြစ်ပါကြောင်း။

**ဦးဝင်းအောင်(၉/တတဥ(နိုင်)၀၈၉၅၄၅)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ရွှေစကာရွာ၊ အထက်တန်းကျောင်း(ခွဲ)၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်ဆန်း(၉/သပက(နိုင်)၀၅၄၄၁၇)၏သား ဖြိုးဝေအောင်အား **အောင်ပြည့်စုံလင်း**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**အောင်ပြည့်စုံလင်း**

## အမည်မှန်ဖြစ်ပါကြောင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးဝင်း၏ သမီးများဖြစ်ကြသော မသွန်းရတီဇော်နှင့် မသွန်းနတီဇော်တို့၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မသွန်းရတီနှင့် မသွန်းနတီ** ဖြစ်ပါကြောင်း။ **မသွန်းရတီ၊ မသွန်းနတီ**

## ဖခင်အမည်မှန်ဖြစ်ပါကြောင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သဲမောင်းကန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမိုးဆွေ** ဖြစ်ပါကြောင်း။ **ဦးမိုးဆွေ(၉/တတဥ(နိုင်)၀၈၉၅၂၅)**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အားမာန်ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်ထွန်းဝင်း၏သမီး မယွန်းသဒ္ဒါဘုံ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မယွန်းသဒ္ဒါဘုံ** ဖြစ်ပါကြောင်း။ **မယွန်းသဒ္ဒါဘုံ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Ever Top2 ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-5 တန်းတွင် ပညာသင်ကြားနေသော မဆောင်းသဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးတင်ဝမ်း** ဖြစ်ပါကြောင်း။ **ဦးတင်ဝမ်း(၉/ပသက(နိုင်)၁၀၄၅၂၁)**

**အဖိုးတန်ရေချိုကို ချွေတာပါ**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရွာသာရွာကျေးရွာနေ မအိမိုမို့ခိုင် (ဘ) ဦးနေလင်း(၉/မခန(နိုင်)၂၈၉၄၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-400123970**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့်အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

(၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၅ ရက် နေပြည်တော်)

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာကြသည့် လှေစီးဒုက္ခသည်များနှင့် ဘင်္ဂလားဒေ့ရှ် ကော့စ်ဘဇားရှိ စခန်းများတွင် နေထိုင်လျက်ရှိသူများနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် အမျိုးမျိုးအဖုံဖုံ ပုံဖော်ရေးသားလျက်ရှိကြပါသည်။ ယင်းသို့ ရေးသားထုတ်ဝေ၊ ထုတ်လွှင့်ပြောဆိုနေမှုများသည် သတင်းမှားများ၊ အချက်အလက်မှားများ အပေါ်အခြေခံလျက် တစ်ဖက်စောင်းနင်းရေးသားပြောဆိုနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြလိုပါသည်-

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သည့် အဖြစ်မှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများ၊ ရဲတပ်ရင်းများကို တစ်ပြိုင်နက်တိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများကို အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရပါသည်။ အာဆာအကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်တိုက်ခိုက်မှုကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့ ထွက်ပြေးကြရပြီး ဘင်္ဂါလီအမြောက်အမြားက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီးနေရပ်စွန့်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

မှတ်တမ်းများအရ အာဆာအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မတိုင်မီ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ရှိ ဘင်္ဂါလီလူဦးရေမှာ ၇၄၀၀၀၀ ကျော်ရှိခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂါလီလူဦးရေ ၂၀၀၀၀၀ ကျော် ကျန်ရှိနေထိုင်လျက်ရှိသဖြင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ပြည်သူကို ဗဟိုပြုသော အိန္ဒိယ၏ သံတမန်ရေးရာ

ဆောင်းပါး စာမျက်နှာ - ၁၀

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက် စာမျက်နှာ - ၂၂

Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားရာတွင် ပေးသွင်းရမည့် နှုန်းထားများအား အသိပေးကြေညာခြင်း စာမျက်နှာ - ၁၆

စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့် အိမ်ထောင်စုများကို ထောက်ပံ့ပေးအပ် စာမျက်နှာ - ၂၆

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပစဉ်။



နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက်

စာမျက်နှာ ၂၀ ကော်လံ ၁ ❖

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို အနိုင်ရရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း ချန်ပီယံဆုဆွတ်ခူး



နေပြည်တော် ဩဂုတ် ၁၄

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ကျင်းပခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ■

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၄

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၅ ရက်**(ယနေ့)** ည ၇ နာရီခွဲတွင် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့သည် စင်ကာပူအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၆ ရက် ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှားအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့်မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel၊ MRTV Entertain–ment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**